# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၅ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၃၁၇)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်ကောင်စီနယ်မြေ သီရိ(၅)မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ မဲစာရင်းများကပ်ထား ကြေညာထားရှိမှုကို လိုက်လံကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ မဲစာရင်းများကပ်ထားကြေညာထားရှိမှုကို လိုက်လံကြည့်ရှုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးညီထွန်း၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုနှင့် ရပ်ကွက် မဲရုံ(၁)အဖြစ် ဆောင်ရွက်မည့် အခြေခံပညာမူလတန်းကျောင်း အခြေအနေအား ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်ရှိ *စာမျက်နှာ ၃ ကော်လံ ၁* ❑

## ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ဖွံ့ဖြိုးတိုးတက်လာစေမည့် ရန်ကုန်-ဘိုကလေး-ပုသိမ်လမ်းမကြီး စာ-၆

## ကိုဗစ်- ၁၉ ကာကွယ်ဆေးထုတ်တဲ့နေရာမှာ ဝိုင်းဝန်းပံ့အောဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တောင်းဆိုလိုက်ပြီ စာ-၁၄




# ဒုတိယလှိုင်း ရှောင်လွှဲနိုင်ကြဖို့

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါခေတ်ခွဲအတည်ပြုလူနာ အရေအတွက် ၃၇၀ ကျော်ရှိလာသည့်အချိန် ကမ္ဘာတွင် ရောဂါကူးစက်ပြန့်ပွားမှုက အရှိန်မြင့်မားနေဆဲဖြစ်သည်။ မိမိတို့ နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံမှာ ခေတ်ခွဲအတည်ပြုလူနာ နှစ်သန်းခွဲခန့်ရှိလာပြီး ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံစာရင်းတွင် ထိပ်ပိုင်းသို့ ရောက်လာနေသည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ ကိုဗစ်-၁၉ ကူးစက်မှုကို အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ထားနိုင်သည်ဟု ဆိုရမည်ဖြစ်သော်လည်း စိတ်ချ၍မရသေးသလို ပေါ့ဆ၍လည်း မရသေး။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိမိတို့မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သော်လည်း ဝန်ကြီးဌာနမှ နှိုးဆော်တိုက်တွန်းထားသော ရောဂါကာကွယ်ရေးအတွက် ဆောင်ရန်အချက်များအား နေရာအများအပြား၌ လိုက်နာမှုနည်းပါးနေသည်ကို တွေ့ရှိနေရကြောင်း ပြောကြားခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်း မပေါ်ပေါက်စေရန်အတွက် လက်ရှိဆောင်ရွက်နေသည့် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်မည်ဟု ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများ၏ ၆၁ ရာခိုင်နှုန်းခန့်တွင် ရောဂါလက္ခဏာပြသခြင်း မရှိသောအချက်က ရောဂါ ကာကွယ်ရေးဆိုင်ရာ တိုက်တွန်းနှိုးဆော်ချက်များကို မမေ့မလျော့၊ မပေါ့မဆသော သတိဖြင့် ဆက်လက်ကျင့်သုံးလိုက်နာကြရန် လိုအပ်နေဆဲဖြစ်သည်ကို သတိပေးနေသော အချက်ဖြစ်သည်။ လူ့သမိုင်းတွင် အသစ်အဆန်းဖြစ်သော ကိုဗစ်-၁၉ ရောဂါ၏ လက္ခဏာများနှင့် သဘောသဘာဝများမှာ ယခုအချိန်အထိ အကုန်အစင် အတိအကျ မသိနိုင်သေး။ ရောဂါပျောက်ကင်းပြီးသူများတွင် ဗိုင်းရပ်စ်ပိုး ပြန်လည်တွေ့ရှိရခြင်းနှင့် ရောဂါကင်းစင်လာပြီးသည့် မြို့များ၊ ဒေသများတွင် တစ်ကျော့ပြန် ဒုတိယလှိုင်း ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်လာခြင်းကဲ့သို့သော ဖြစ်စဉ်များရှိကြောင်း နိုင်ငံတကာသတင်းများတွင် တွေ့မြင်နေရသည့်အတွက် မလိုအပ်ဘဲ အိမ်ပြင်မထွက်ခြင်း၊ လူစုလူဝေးကို ရှောင်ခြင်း၊ ပြင်ပသို့ သွားလာတိုင်း ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားခြင်း၊ မကြာမကြာ လက်ဆေးခြင်း၊ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေခြင်းတို့ကို ဆက်လက်ကျင့်သုံးကြရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှာ ပြည်တွင်းကူးစက်ပျံ့နှံ့မှုကို မတွေ့ရဘဲ ပြည်ပမှ ဝင်ရောက်လာသူများထံတွင် တွေ့ရှိနေရသည်။ ပြည်ပဟုဆိုရာတွင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ ပြန်လည်ဝင်ရောက်လာသူများထဲမှ တွေ့ရှိနေရခြင်းဖြစ်သည်။ သို့ဖြစ်ရာ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများတွင် တရားမဝင်ခိုးဝင်လာမှုများ မဖြစ်ပေါ်စေရေးနှင့် တရားမဝင်ပြန်လည်ဝင်ရောက်လာပြီး ကန့်သတ်စောင့်ကြည့်စစ်ဆေးမှုကို မခံယူဘဲ ရှောင်ရှားနေသူများကို ဝိုင်းဝန်းဖော်ထုတ်ရေးတို့မှာ လွန်စွာအရေးကြီးသည်။ ပြည်ပမှ တရားမဝင်ပြန်လည်ဝင်ရောက်လာပြီး ကိုဗစ်-၁၉ ရောဂါလက္ခဏာ တစ်စုံတစ်ရာ မတွေ့ရဘဲ ကျန်းမာနေသူတစ်ဦးသဖွယ် လူအများကြား ပုံမှန်သွားလာနေထိုင်ပြီး ရောဂါကူးစက်ပျံ့နှံ့မှုမျိုး ဖြစ်ပေါ်ပါက ရုတ်တရက်ရောဂါကူးစက်ခံရသူ အများအပြားပေါ်ထွက်လာမည့် အန္တရာယ်ရှိနေသည်။

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးကို အပြိုင်အဆိုင် ဖော်ထုတ်လျက်ရှိကြရာ စိတ်ချလက်ချသုံးစွဲနိုင်သည့် အနေအထားသို့ရောက်ရှိရန် ကာလတစ်ရပ် လိုအပ်နေသေးသည်။ မည်သို့ဆိုစေ ကိုဗစ် – ၁၉ ရောဂါအတွက် ကာကွယ်ဆေးနှင့် ကုသဆေးတို့လောလောဆယ်တွင် မရှိသေး။ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး အလေ့အကျင့်များကို တိတိကျကျ ကျင့်သုံးကြရန် နှိုးဆော်တိုက်တွန်းရပါကြောင်း။ ။

# တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်စေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း မှာကြား

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် အဖွဲ့ဝင် (၁၀) ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း က ယခုဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျာထားချက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကို ပြည့်မီရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ကော်မရှင်အနေဖြင့်လည်း တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာစေရန် အစဉ်ဂရုပြုကြရမည် ဖြစ်ကြောင်း အလေးထားမှာကြားသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လုပ်ငန်း (၃) ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသစ် (၃) ခု ကို ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၀၅၇ သန်းနှင့် ငွေကျပ် ၁၅၈၀၀၅၉ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၅၀ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံ/ဒေသပေါင်း ၅၁ ခုမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၄ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မြင်းခြံဗဟိုအကျဉ်းထောင်၊ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဩဂုတ် ၁၃ ရက်တွင် မြင်းခြံဗဟို အကျဉ်းထောင်နှင့် မြင်းခြံမြို့ပေါ်ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား/အကျဉ်းသူ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်များနှင့် စားဖိုကြီး၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများနှင့် လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လုပ်ဆောင်ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံကာ လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်း ရှိ မရှိ၊ ထောင်ဝင်စာ တွေ့ဆုံရာတွင် အခက်အခဲများ ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ နေထိုင်စားသောက်ရေး အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများ ရရှိမှု ရှိ မရှိစသည့် အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်း မှတ်တမ်းတင်ခဲ့ကြသည်။



ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်သား၊ အချုပ်သူများကို တွေ့ဆုံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ မရှိနှင့် အခြားကြုံတွေ့ရသည့် အခက်အခဲများကို မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးဆက်လက် ပိုနေမည်။ မိုး/ဇလ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နီးကျေးရွာ ဂျာနယ်
ထွက်ရှိ
၁၅-၈-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၁၆)တွင်
- မြန်မာ့ဆန် ပြည်ပပို့တင်ပို့ရန် ကြိုးပမ်းမှု၏ အောင်မြင်မှုခြေလှမ်း
- ခေတ်မီဒစ်ဂျစ်တယ်နည်းပညာသုံး စိုက်ပျိုးရေးသို့
- မြေပဲသီးနှံအတွက်တိုးစေရန် စိုက်ပျိုးနည်းစနစ်များ
- ကြက်များအား ကာကွယ်ဆေးတိုက်ကျွေးရာတွင် ကျွမ်းကျင်မှုရှိရန် လေ့ကျင့်သင့်သည့် အချက်များ
- ကျွဲ နွား သိုး ဆိတ် မွေးမြူရေးအတွက် အစာစီမံခန့်ခွဲမှု(၃)
- သွေးလွန်တုပ်ကွေးရောဂါကူးစက်နိုင်မှု ကြိုတင်သတိပြု
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေဖို့ မဲစာရင်းသွားရောက်ကြည့်ကြပါစို့
- မြန်မာမှုအတွေးပေးသည့် မိုး ၏ ဆိုရိုးစကား အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# ပြည်သူသာလျှင် အဓိက

❑ ရှေ့ဖုံးမှ

ဓမ္မပါလဓမ္မာရုံ၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးဓမ္မာရုံ၌ ဇေယျာသိဒ္ဓိရပ်ကွက်မှ မဲပေးခွင့်ရှိသူများ စာရင်း ကပ်ထားကြေညာထားရှိမှုကို လည်းကောင်း ကြည့်ရှုသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

### မိမိနှစ်သက်ရာကို မဲပေးနိုင်

ထိုသို့လှည့်လည်ကြည့်ရှုစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မဲရုံနှင့် မဲပေးနိုင်သည့်အင်အား၊ အချိန်အတိုင်းအတာဖြင့် မဲပေးနိုင်မည့် အရေအတွက်၊ မဲဆန္ဒရှင်များ မဲပေးရာတွင် ပိုမိုကောင်းမွန် မြန်ဆန်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ သိလိုသည်များကို တာဝန်ရှိသူများအား မေးမြန်းကာ မဲစာရင်း ကပ်ထားကြေညာမှုကို ပြည်သူများအား အသိပေးကြေညာသွားရန်လိုကြောင်း မှာကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဓမ္မာရုံများ၌ ရောက်ရှိနေကြသည့် ပြည်သူများအား လက်ရှိ အသက်(၁၈)နှစ်အရွယ် မဲပေးနိုင်သည့် ပုဂ္ဂိုလ်မှာ အသက်(၈၀) အရွယ်အထိဆိုလျှင် (၁၂)ကြိမ်သာ မဲပေးနိုင်ခွင့်ရှိကြောင်း၊ ပြည်သူများအနေဖြင့် မိမိနိုင်ငံ အနာဂတ်အတွက် မဲပေးရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် မိမိတာဝန်ကို ကျေပွန်ရန်လိုကြောင်း၊ သို့မှသာ ရသင့်ရထိုက်သည့် ခံစားခွင့်များ ရရှိမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း မဲဆန္ဒရှင်များကို ကျန်းမာရေးနှင့်အညီ မဲပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မဲစာရင်းတွင် မိမိအမည် စာရင်းပါ မပါကို ကြည့်ရှုကြရန်လိုကြောင်း၊ မိမိနှစ်သက်ရာကို မဲပေးနိုင်ပါကြောင်း ပြောကြားသည်။

လက်ရှိစာရင်းများအရ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၅၁၀၁၃ ဦး၊ ပုဗ္ဗသီရိ မြို့နယ်တွင် ၈၈၈၇၂ ဦး၊ ဇေယျာသီရိမြို့နယ်တွင် ၇၆၈၅၀၊ ဒက္ခိဏသီရိမြို့နယ်တွင် ၂၇၈၆၀ နှင့် ဇမ္ဗူသီရိမြို့နယ်တွင် ၇၉၇၃၇ ဦးရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးစပါးမျိုးစေ့ထုတ်စိုက်ကေတစ်သိန်း စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ငွေကျပ် ၁၄၉၁၁ ဒသမ ၃၃ သန်း ကို CERP အရ ထောက်ပံ့ပေးသွားမည်

**နေပြည်တော် ဩဂုတ် ၁၄**

မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ငူမြို့နယ် မဟာင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိုးစပါးမျိုးစေ့ထုတ် တောင်သူများ တက်ရောက်ကြသည်။



### ပညာပေးလုပ်ငန်းများဆောင်ရွက်

မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကိုဗစ်-၁၉ ကာလတွင် စိုက်ပျိုးရေးဆိုင်ရာ စိုက်ပျိုးနည်းစနစ်များ၊ နည်းပညာပေးလုပ်ငန်းများ၊ နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားများမှတစ်ဆင့် အသိပေး ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက CERP အရ ဆောင်ရွက်ရသော ရေတို အစီအမံများအပြင် Covid အလွန်ကာလများအတွက် လုပ်ငန်းစဉ်များ၊ လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် နောင်တစ်ချိန်တွင် လယ်ယာမြေနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်ရေး၊ ကိုယ်တိုင်စီမံခန့်ခွဲနိုင်သည့်စနစ်၊ တာဝန်ယူ တာဝန်ခံနိုင်သည့်စနစ်များ ဆောင်ရွက်နိုင်ရေးကို မျှော်မှန်းပြီး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ တောင်သူလယ်သမား အသင်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

### စီမံကိန်းများချမှတ်ပြီးဖြစ်

လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ပါဝင်သည့် Collective Strength စုပေါင်းဆောင်ရွက်သည့် အင်အားသည် အရေးကြီးပါကြောင်း၊ ရေစီမံခန့်ခွဲသည့် နေရာတွင်လည်း ရေသုံးစွဲသူများအသင်း (Water Utilizer Group) အား ထူထောင်ဆောင်ရွက်ခဲ့ရာ အသင်းအဖွဲ့ပေါင်း ၂၀၀၀ ကျော်ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တောင်သူလယ်သမားအသီးသီးက ပြောင်းလဲဖြစ်ပေါ်လာသည့်ရာသီဥတု၊ မိမိတို့၏ ရေအရင်းအမြစ်ကို တိတိကျကျ သုံးစွဲကြရမည်ဖြစ်၍ ဒေသအလိုက် စိုက်ပျိုးရေ ရယူသုံးစွဲနိုင်ရေး စီမံဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးရေသုံးစွဲရာတွင် မိုးကောင်းသောက်စနစ်များပြားလျက်ရှိပြီး ဆည်ရေ သောက်စနစ်သည် ၁၅ ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ သို့ပါ၍ ပြောင်းလဲလာသော ရာသီဥတုနှင့် နောင်လာမည့်ကာလများတွင် ရေရရှိသုံးစွဲနိုင်မှု ပိုမိုတိုးမြှင့်လာစေရေး ဆောင်ရွက်ပေးရန် စီမံကိန်းများ ချမှတ်ပြီးဖြစ်သည်ကို အသိပေး ပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော CERP လုပ်ငန်းစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ ဌာနဆိုင်ရာနှင့် တောင်သူလယ်သမားအားလုံးတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် CERP အရ မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား ထောက်ပံ့ငွေ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တောင်သူ ၅၈ ဦး၏ မျိုးစေ့ထုတ် ၂၀၇ ကေအတွက် ငွေကျပ်သိန်း ၃၁၀ ကို လည်းကောင်း(ဝဲပုံ)၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တောင်သူ ၈၈ ဦး၏ မျိုးစေ့ထုတ် ၁၉၄ ကေအတွက် ငွေကျပ် ၂၇၅ သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇော်နိုင်ကတောင်သူ ၄၆ ဦး၏ မျိုးစေ့ထုတ်ကေ ၁၅၀ အတွက် ငွေကျပ် ၂၃၃ သိန်းကို လည်းကောင်း ပေးအပ်ကြရာ တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယနေ့အခမ်းအနားတွင် မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်း ၅၅၁ ကေအတွက် စုစုပေါင်းငွေကျပ် ၈၁၈ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

CERP အရ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများကို တောင်ငူခရိုင်တွင် ၃၁၄၁ ကေ၊ ပဲခူးခရိုင်တွင် ၈၄၃၉ ကေ၊ ပြည်ခရိုင်တွင် ၉၈၂၄ ဒသမ ၅၀ ကေ၊ သာယာဝတီခရိုင်တွင် ကေ ၁၀၃၄၀ စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်း မိုးစပါးမျိုးစေ့ထုတ်ကေ စုစုပေါင်း ၃၁၇၄၄ ဒသမ ၅၀ ကေ စိုက်ပျိုးသွားမည် ဖြစ်သည်။

### ကေတစ်သိန်း စိုက်ပျိုးမည်

ယခုနှစ် မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးခြင်းကို ချင်းပြည်နယ်မှအပ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၈၇ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ အထွက်ကောင်း စပါးမျိုး ၆၉၃၃၅ ကေ၊ အရည်အသွေးကောင်း စပါးမျိုး ၃၀၆၆၅ ကေ စုစုပေါင်း ကေတစ်သိန်း စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးစေ့၊ အပင်ပြုစုလုပ်အားခ၊ မျိုးကွဲနုတ်ပယ်၊ မျိုးစေ့သန့်စင်လုပ်အားခ စုစုပေါင်း ငွေကျပ် ၁၄၉၁၁ ဒသမ ၃၃သန်း ကို CERP အရ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့ ရေပေးဝေရေး ရေလှောင်ကန်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

အဆိုပါ အဆောက်အအုံသစ်သည် အလျားပေ ၁၀၀၊ အနံပေ ၇၀၊ အမြင့် ၄၃ ပေရှိပြီး စီမံကိန်းတန်ဖိုး ငွေကျပ်သန်း ၇၀၀ ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ သည် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း ချယ်ရီခန်းမသို့ရောက်ရှိပြီး ဖလမ်းမြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

**ဖွံ့ဖြိုးတိုးတက်မှု စစ်ဆေး**

တွေ့ဆုံစဉ် ဒုတိယသမ္မတ က ချင်းပြည်နယ်(မြောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရန်နှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်သည်များကို ထပ်မံဖြည့်ဆည်းပေးရန် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ အလားတူ မိုးရာသီကာလအတွင်း ဆက်သွယ်သွားလာရန် ခက်ခဲသည့် ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများ၏ သွားလာရေးခက်ခဲမှုများကို လက်တွေ့သိရှိနိုင်ရန် လာရောက်ရခြင်းလည်း ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည့် ချင်းပြည်နယ်သည် ယခုဆိုလျှင် သိသာစွာပြောင်းလဲ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စည်းလုံးညီညွတ်မှု၏ အသီးအပွင့်ရလဒ်ကောင်းများပင် ဖြစ်ပါကြောင်း၊ အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကောင်းဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် လမ်းညွှန်ချက်များကို အထူးအလေးထားလိုက်နာကျင့်သုံးကြစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကြီးမားသောစိန်ခေါ်မှုတစ်ရပ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီး ငါးနှစ်လျှင် တစ်ကြိမ်သာ ဆန္ဒမဲပေးခွင့်ရှိသည်ဖြစ်၍ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ ရာနှုန်းပြည့်ဆန္ဒမဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ စနစ်တကျ သေချာစွာပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ဖလမ်းမြို့မှ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးဟရန်းလောမ် က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် ဖလမ်းမြို့ပြည်သူ့ဆေးရုံကို သုံးထပ် အဆောက်အုံသစ်အဖြစ် ဆောက်လုပ်ပေးနိုင်ရေး၊ ဖလမ်းမြို့ မြေပြိုကျနိုင်သည့်နေရာ ငါးနေရာကို ကျောက်စီနံရံများ တည်ဆောက်ပေးနိုင်ရေးနှင့် Cyclone Shelter နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြပြီး ရိခေါ်ဒါရ်မြို့ မြို့မိမြို့ဖ ဆလိုင်း သိန်းဒွေးလွင် က ရိခေါ်ဒါရ်မြို့ရှိ (၁၆) ခုတင်ဆံ့ ဆေးရုံကို (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ရေး၊ ရိခေါ်ဒါရ်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဒီဇယ်မီးစက် ထောက်ပံ့ပေးနိုင်ရေးနှင့် ရိခေါ်ဒါရ်မြို့အား မြို့နယ်အဆင့် တိုးမြှင့်ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဦးခင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီး ဦးစိုးထက်နှင့် ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာစိုးဦးနှင့် ဦးဝင်းနိုင်ထွန်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ဒုတိယသမ္မတ က ကိုဗစ်-၁၉ ကာလတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဖလမ်းမြို့ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်တို့က ဖလမ်းမြို့ အမှတ်(၁)ရပ်ကွက်၊ ကျင်မွှာရပ်ကွက်နှင့် ခေါလယ်ကျေးရွာတို့မှ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သစ္စာစီမံချက်အရ ဖလမ်းမြို့ ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာ ရှစ်ရွာတို့မှ ဒေသခံပြည်သူ ၃၁၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတ သည် ဖလမ်းမြို့သူနာပြုသင်တန်းကျောင်းဆောင် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ အမြဲတမ်းအတွင်းဝန် ဦးရွှေလေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြစန်းတို့က အဆောက်အအုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါသင်တန်းကျောင်းဆောင်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစား နှစ်ထပ်ကျောင်းဆောင် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတ သည် ဖလမ်းမြို့ ခုတင်(၂၀၀) ဆံ့ ပြည်သူ့ဆေးရုံတိုးချဲ့ဆောင် တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ငွေစံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ တလွှန်ကျုံးထန်တို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်း တင်ပြကြသည်။

အဆိုပါ တိုးချဲ့ဆောင်သည် အလျားပေ ၁၅၀၊ အနံ ၆၂ ပေနှင့် အမြင့် ၂၈ ပေရှိပြီး သံကူကွန်ကရစ် နှစ်ထပ်ဆောင်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သည် ဖလမ်း (ဆူရ်ဘုန်) လေဆိပ် ရှင်းလင်းဆောင်သို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး က လေယာဉ်ကွင်း တည်ဆောက်နေမှု၊ လေဆိပ်ဆိုင်ရာအချက်အလက်များနှင့် Flight Check ဆောင်ရွက်ရာတွင် အကြံပြုချက်များအရ လေယာဉ်များ ပိုမိုအန္တရာယ်ကင်းရှင်းစွာ ဆင်းတက်နိုင်ရန် လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ် ဝဲ/ ယာ နှစ်ဖက်ရှိ တောင်များအား တောင်ဖြိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**လေဆိပ်တည်ဆောက်ပြီးစီးမှု**

ယင်းနောက် ဒုတိယသမ္မတ သည် လေယာဉ်ကွင်းနှင့် လေဆိပ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဖလမ်း (ဆူရ်ဘုန်) လေဆိပ်သစ် တည်ဆောက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေခြင်း၊ လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးကိစ္စများ တိုးတက်လွယ်ကူလျင်မြန်စေခြင်း၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး လုပ်ငန်းတိုးတက်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ နိုင်ငံတော်၏ လူမှုစီးပွားတိုးတက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့ပြလုပ်ငန်းများအပေါ် ယနေ့အထိ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဖလမ်း (ဆူရ်ဘုန်) လေဆိပ်သစ် ပထမအဆင့် တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်း တစ်ခုလုံးအပေါ် ပြီးစီးမှု ၉၈ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ သည် ဖလမ်းမြို့ Cyclone Shelter သို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က တည်ဆောက်ပြီးစီးသည့် Cyclone Shelter များ အခြေအနေ၊ Cyclone Shelter များတွင် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တိုက်ပွဲရှောင်ပြည်သူများအတွက် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ တင်ပြထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ က သိရှိလိုသည်များကို မေးမြန်းသည်။

အဆိုပါ Cyclone Shelter သည် အလျားပေ ၉၀၊ အနံ ပေ ၆၀ ရှိပြီး ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၂၃၈ ဒသမ ၈၅၀ သန်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတ သည် အစိုးရနည်းပညာအထက်တန်းကျောင်း (ထန်တလန်) အား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုင်းကျော်နိုင်ဦး က ကျောင်းဆိုင်ရာအချက်အလက်များ၊ ၂၀၁၈-၂၀၁၉ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လျာထားတည်ဆောက်ရေးလုပ်ငန်းသစ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ က သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီး ဦးစိုးထက်နှင့် ဦးပေါင်လွန်းမင်ထန်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးတို့က ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဘဏ္ဍာနှစ်စတင်ချိန်မှစ၍ ပွင့်လင်းရာသီကာလအတွင်း စီမံကိန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်သွားကြရန်၊ ကျောင်းတွင်းသန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိနိုင်ရေး စီမံဆောင် ရွက်သွားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတ သည် ကျောင်းအဆောက်အအုံနှင့် သင်တန်းသား လက်တွေ့အလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**လက်ခံသင်ကြား**

အဆိုပါကျောင်းသည် ထန်တလန်မြို့၏တောင်ဘက်လေးမိုင်အကွာတွင် တည်ရှိပြီး အကျယ်အဝန်း ၄၀ ဒသမ ၆ ဧကရှိကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၉၄၁ ဒသမ ၁၈၄ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလျား ၁၉၂ ပေ၊ အနံ ၃၈ ပေရှိပြီး သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံဖြစ်ကြောင်း၊ ကျောင်းတွင်အဆောက်အအုံနည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်းနှင့် မော်တော်ယာဉ်နည်းပညာ သင်တန်းတို့ကို သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၀ စီ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သက်မွေးတို ကာလသင်တန်းများအနေဖြင့် အခြေခံပန်းရံ၊ အခြေခံ လက်သမား၊ သံချည်သံကွေး၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း၊ အိမ်တွင်းလျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းများကို သင်တန်းတစ်ခုလျှင် သင်တန်းသား ၂၀ စီ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှု**

ထို့နောက် ဒုတိယသမ္မတ သည် ထန်တလန်မြို့ ၆၆ / ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ချင်းပြည်နယ်အတွင်း လက်ရှိလျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှု အခြေအနေနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းဆိုင်ရာများနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ် ထန်တလန်မြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတွင် တည်ဆောက်မည့် တည်ဆောက်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ထန်တလန်မြို့ ရေပေးဝေရေး ရေလှောင်ကန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဦးစိုးထက်နှင့် ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဗန်ဇအုပ်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

**ရေလှောင်ကန် တည်ဆောက်နေ**

အဆိုပါ ရေလှောင်ကန်သည် အလျား ပေ ၄၀၊ အနံ ပေ ၄၀ နှင့် အမြင့် ၁၀ ပေနှင့် ၆ လက်မရှိ သံကူကွန်ကရစ်ရေလှောင်ကန်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၁၂၈ ဒသမ ၉ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတ သည် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် တည်ဆောက်ခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းပွားတို့က အဆောက်အအုံနှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းတင်ပြကြသည်။

အဆိုပါ တိုးချဲ့ဆောင်သည် အလျားပေ ၁၅၀၊ အနံ ၆၂ ပေ ရှိပြီး သံကူကွန်ကရစ် နှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ သည် ထန်တလန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ အမြဲတမ်းအတွင်းဝန် ဦးရွှေလေးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ရေရှည်ကာလကိုမျှော်မှန်း၍ အဆောက်အအုံများ တည်ဆောက်ရာတွင် မြေနေရာကို စနစ်တကျ စီမံခန့်ခွဲအသုံးချသွားရန် လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းရေးနှင့် ဒစ်ဂျစ်တယ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

ရန်ကုန် ဩဂုတ် ၁၄

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီ ဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးသို့တက်ရောက် အမှာစကား ပြောကြားသည်။

### ညှိနှိုင်းဖြေရှင်းပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စာပေမူပိုင်ခွင့်ဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ယခုလဆန်းပိုင်းက ပြုလုပ်ခဲ့ပြီး စာပေမူပိုင်ခွင့်ချိုးဖောက်မှုများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါကြောင်း၊ စာပေမူပိုင်ခွင့် ချိုးဖောက်ခံရမှုများမှာ ယခင်ကတည်းက ရှိခဲ့သော်လည်း ကြီးကြီးကျယ်ကျယ် မဖြစ်အောင် စာပေပညာရှင်များက ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယခုအခါ အွန်လိုင်းပေါ်တွင် စာပေမူပိုင်ခွင့် ချိုးဖောက်မှုများ ပိုမိုများပြားလာပြီး ယခင်ကထက် ရှုပ်ထွေးလာသော်လည်း စာပေမူပိုင်ခွင့် ချိုးဖောက်ခံရသူများအနေဖြင့် မည်သို့ ဖြေရှင်းရမည်ကိုမသိရှိခြင်း၊ အမှုမဲ့အမှတ်မဲ့ရှိနေခြင်း၊ မူပိုင်ခွင့် ကာကွယ်ရန်လိုအပ်ခြင်း၊ ပြဿနာဖြစ်ပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးရန် လိုအပ်ခြင်းများ ရှိနေပါကြောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ အတည်ပြုပြဋ္ဌာန်းရန်၊ နည်းဥပဒေ ရေးဆွဲပြဋ္ဌာန်းရန် ဆောင်ရွက်နေစဉ် စာပေနှင့် အနုပညာ မူပိုင်ခွင့် (သို့မဟုတ်) ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့် ခွဲသည့် အဖွဲ့အစည်း(Collative Management Organization–CMOs) များ မပေါ်ပေါက်သေးမီကာလအတွင်း ပေါ်ပေါက်လာသည့် ပြဿနာရပ်များကို ပူးပေါင်းကူညီဖြေရှင်းပေးရန်နှင့် ထိန်းသိမ်းတည့်မတ် ပြုပြင်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခင်အစည်းအဝေးက ဆွေးနွေးခဲ့သည့်အတိုင်း စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း၊ ယင်းကော်မတီအနေဖြင့် စာပေအနုပညာမူပိုင်ခွင့်ဥပဒေ အာဏာမတည်မီကာလအတွင်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ရရှိနိုင်ရန်အတွက် အသိပညာပေးရန်၊ အကြံပြုရန်၊ ပြဿနာဖြစ်ပွားမှုများအပေါ် စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးရန်ဖြစ်ပါကြောင်း၊ ထို့ပြင် စာပေအနုပညာမူပိုင်ခွင့် နည်းဥပဒေ ရေးဆွဲနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊ CMO များ အမြန်ပေါ်ပေါက်လာရေးနှင့် ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်မည့် အစီအစဉ်အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် စာပေပညာရှင်ဖြစ်ကြသည့် ဆရာ ချစ်ဦးညို၊ အိုင်တီပညာရှင် ဦးသောင်းစုငြိမ်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ဦးမြတ်ခိုင်၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်မှ ဦးခင်မောင်ကြွယ် (ဆရာကောင်းသန့်)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ပြည့်စုံစာပေမှ ထုတ်ဝေသူ ဦးမျိုးအောင်၊ မြန်မာနိုင်ငံ အသိဉာဏ်ပညာပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ဆွေဇင်ထိုက်၊ ဥပဒေပညာရှင် ဦးအောင်စိုးဦး၊ ဦးသန်းမောင်(စစ်တွေ) နှင့် ဦးဌေးဦး၊ Myanmars.net မှ ဦးဇော်ထွဋ်၊ Sunny International Co.,Ltd. မှ ဦးမြင့်သူ၊ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂမှ ဦးကြည်နိုင်၊ ဆရာမောင်လှမျိုး (ချင်းချောင်းခြံ)၊ မြေမှုန်လွင်၊ စာရေးဆရာမ ပုညခင်၊ မြန်မာနိုင်ငံ ကဗျာဆရာများ သမဂ္ဂမှ ဦးစိန်ဝင်း၊ မြန်မာ့ရေးရာလေ့လာရေး အဖွဲ့မှ ဦးရဲမြင့်ကျော်၊ ကာတွန်းပညာရှင် မောင်မောင်ဖောင်တိန်တို့က အွန်လိုင်းပေါ်တွင် ချိုးဖောက်ခံနေရသည့် စာပေမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများ၊ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီတွင် ပါဝင်သင့်သည့် ပုဂ္ဂိုလ်များနှင့်ကော်မတီ၏ လုပ်ငန်းတာဝန်များ စသည်ဖြင့် အကြောင်းအရာများအလိုက် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာ့ရေးရာလေ့လာရေးအဖွဲ့မှ ဦးအေးမောင်ကျော်၊ ဆရာ မောင်ဇေယျာ၊ ထုတ်ဝေသူ ဦးဝင်းချို (ခူဝံစာပေ) နှင့် ဦးရဲမြင့် (နန်းဒေဝီစာပေ) တို့လည်း တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးမှ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (CMO) ဖြစ်မြောက်ရေး ကော်မတီကို စာပေစာနယ်ဇင်းဆိုင်ရာ ပညာရှင်များ၊ စာပေထုတ်ဝေသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ စာပေအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

### ဒစ်ဂျစ်တယ် မီဒီယာဖွံ့ဖြိုးရေး

မွန်းလွဲပိုင်းတွင် ဒစ်ဂျစ်တယ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ၊ New Media လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မီဒီယာအရွေ့ (သို့မဟုတ်) မီဒီယာအပြောင်းအလဲနှင့် ပတ်သက်သည့် အကြောင်းအရာများကို မကြာမီက မိမိတို့ဝန်ကြီးဌာနတွင် ဆွေးနွေးပွဲများ ပြုလုပ်ပြီး လေ့လာခဲ့ကြပါကြောင်း၊ Digital နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ Online Media တွင်ကျယ်လာမှုကြောင့် Main Stream Media ဟု ခေါ်တွင်ခဲ့သည့် Print Media အပေါ် များစွာ သက်ရောက်မှု ရှိလာခဲ့ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံတွင် ယခင်နှစ်မှစ၍ ယခုနှစ်ကာလအတွင်း များစွာ သိသာထင်ရှားလာခဲ့ပါကြောင်း။

### ရေးဆွဲပြဋ္ဌာန်း

New Media လုပ်ငန်းများ ဆောင်ရွက်သူတွင် Print Media လုပ်ငန်းမှ ပြောင်းလဲလုပ်ကိုင်သူများ ပါဝင်သကဲ့သို့ သီးခြားလုပ်ကိုင်လာသူများ ပါဝင်လုပ်ဆောင်နေမှုကိုလည်း တွေ့မြင်ရမှာဖြစ်ပါကြောင်း၊ တည်ဆဲမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများမှာလည်း ပုံနှိပ်မီဒီယာများအပေါ် အခြေခံပြီး ရေးဆွဲပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စည်းမျဉ်း စည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းရာတွင်လည်း အသင်းအဖွဲ့နှင့် အဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွား၊ အများပြည်သူတို့၏ အကျိုးစီးပွား ကာကွယ်မှုကို ထိန်းညှိဆောင်ရွက်ခြင်း၊ ပြဿနာများ ပေါ်ပေါက်လာပါက ညှိနှိုင်းဖြေရှင်းပေးခြင်းတို့ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် ဒစ်ဂျစ်တယ် မီဒီယာလုပ်ကိုင်နေသူများ၏ တွေ့ကြုံရသည့်အခက်အခဲများ၊ ကာကွယ်ရမည့် နည်းလမ်းများ၊ ဆောင်ရွက်သင့်သည့် အကြံဉာဏ်များ ၎င်းအတွက် ကိုယ်စားပြု ဖြေရှင်းဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ရပ်လိုအပ်မှု စသည့် သဘောထားများ၊ ပြောဆိုမှုများ၊ အသံများကို နားထောင်သိရှိလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ New Media လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဆဲဗင်းဒေးမီဒီယာမှ ဦးသောင်းစုငြိမ်း၊ TV Yangon မှ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ ပေါ်ပြူလာ သတင်းအေဂျင်စီမှ ဒေါ်နန်းကလျာဝင်း၊ Myanmar Celebrity မှ ဦးအောင်မျိုးမြင့်၊ စံတော်ချိန်မှ ဦးကိုကိုလေး၊ ကမာရွတ်မီဒီယာမှ ဦးဟံသာညိမ်း၊ ဝန်ဇင်းမှ ဦးဝင်းလှိုင်ဦး၊ အကုန်သိသတင်းအေဂျင်စီမှ ဦးကျော်မျိုးမင်း၊ DVB မှ ဦးခင်မောင်စိုး၊ Cytron Computer မှ ဦးသိန်းထွန်းဖေ၊ လာလာကြည့်မှ ဦးမင်းဆွေလှိုင်၊ One News မှ ဦးမိုးအေး၊ Cele Gabar မှ ဦးသက်ဖြိုးအောင်တို့က ဒစ်ဂျစ်တယ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

### တက်ရောက်

အစည်းအဝေးသို့ ဒေါ်ဥမ္မာဝေ (8 Days)၊ ဒေါ်ဖြိုးသန္တာ (Myanmar Load)၊ Pau khan thawn(Mizzima)၊ ဒေါ်အိဖြူအောင် (Sunday)၊ ဦးလင်းထက် (We Media)၊ ဦးခန့်ဖြိုးလွင် (ဟုတ်တယ်/မဟုတ်ဘူး သတင်းအေဂျင်စီ)၊ ဦးအောင်ကျော်စိုး (The Voice)၊ ဦးကျော်ဇောလင်း (Eleven)၊ ဦးဥက္ကာဦး (News Watch) နှင့် ဦးမင်းမင်း (ရွှေသံလွင်) တို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပါဝင် ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# (၁၁) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ နှစ်လယ်အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပရာ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်



နေပြည်တော် ဩဂုတ် ၁၄

(၁၁) ကြိမ်မြောက် အာဆီယံ ပါလီမန်များညီလာခံ နှစ်လယ်အစည်းအဝေး (11th AIPA Caucus) ကို Video Conferencing စနစ်ဖြင့် ယနေ့ နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုလွှတ်တော်၊ အာဆီယံပါလီမန်များ ညီလာခံ (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်း ခေါင်းဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် အိမ်ရှင်ဖိလစ်ပိုင် အောက်လွှတ်တော်ဥက္ကဋ္ဌ Alan Peter S. Cayetano က အဖွင့်မိန့်ခွန်းပြောကြားပြီး နိုင်ငံအလိုက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ယခင်နှစ် အကြိမ် (၄၁) မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာများကို နိုင်ငံအလိုက် တင်ပြရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်က မြန်မာနိုင်ငံ၏ အစီရင်ခံစာကို လည်းကောင်း၊ "COVID–19 ကပ်ရောဂါ ကာလအတွင်း စီးပွားရေး ပြန်လည်နိုးထမှု အားကောင်းလာစေရေးနှင့် ထိခိုက်မှုလျော့ပါးစေရေး" ခေါင်းစဉ်ဖြင့် အစီရင်ခံစာများကို နိုင်ငံအလိုက် ရှင်းလင်းတင်ပြရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်က မြန်မာနိုင်ငံ၏ အစီရင်ခံစာကို လည်းကောင်း တင်ပြကြသည်။ ထို့နောက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက နိုင်ငံအလိုက် အစီရင်ခံစာများနှင့် ယခုအစည်းအဝေး၏ ဆောင်ရွက်ချက်အစီရင်ခံစာတို့ကို Virtual Signing ဖြင့် အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ဖိလစ်ပိုင်အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Hon. Raneo Abu က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ဖွံ့ဖြိုးတိုးတက်လာစေမည့် ရန်ကုန်-ဘိုကလေး-ပုသိမ်လမ်းမကြီး

## ကိုတင့် (မြို့ပြအင်ဂျင်နီယာ)

### မြန်မာ- ကိုရီးယားချစ်ကြည်ရေး ဒလမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများ ဖွံ့ဖြိုးလာမှု

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာ- ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းကြီးကို ၂၄-၁၂-၂၀၁၈ ရက်နေ့တွင် ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်၍ ပန္နက်တော်တင်ပေးခဲ့ပါသည်။ တံတားတည်ဆောက်ရေး အုတ်မြစ်လုပ်ငန်းများကို ၂၀၁၉ ခုနှစ် မေလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေရယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှကြီးကြပ်၍ ကိုရီးယားသမ္မတနိုင်ငံမှ ကန်ထရိုက်တာ G.S Engineering & Construction Corporation က တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ဒလတံတားကြီးပြီးစီးလာပါက ရန်ကုန်မြို့သစ်စီမံကိန်းနှင့် ဒလမြို့သစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ပေါ်ထွက်လာတော့မည်ဖြစ်သည်။

### ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးကို ဆက်စပ်ပေးမည့် ရန်ကုန်-ဘိုကလေး ပုသိမ်လမ်းမကြီး

ရန်ကုန်-ပုသိမ်(ရန်ကုန်-ပန်းတနော်-ပုသိမ်လမ်း) မှာ ခရီး ၁၁၃/၂ မိုင်အရှည်ရှိသော်လည်း ယခုအခါ ယာဉ်သွားလာမှု များပြားလျက်ရှိကြောင်း သိရှိရပါသည်။ ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ ယာဉ်သွားလာမှု များပြားလာသောကြောင့် ရန်ကုန်- ပုသိမ်လမ်း၊ ရန်ကုန်တိုင်းဒေသကြီးအပိုင်း မိုင်တိုင် (၅/၄-၇/၄) အထိ ၄၈ ပေ အကျယ်ကွန်ကရစ်လမ်းနှင့် မိုင်တိုင်အမှတ် (၇/၄-(၁၇/၄) အထိ ၃၆ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှကြီးကြပ်၍ Oriental Highway Co.,Ltd BOTအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်- ပုသိမ်လမ်း၊ ရန်ကုန်တိုင်းဒေသကြီး နယ်စပ်မိုင် (၁၇/၄)မှ ဗိုလ်မြတ်ထွန်းတံတား မိုင်တိုင် (၄၁/၃) အထိ လမ်းမိုင်အရှည် ၂၃/၇ မိုင်ကို မူလ ၂၄ ပေ ကတ္တရာလမ်းမှ အကျယ်ပေ ၃၀ ကွန်ကရစ်လမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး တောင်ဘက်ခြမ်းပင်လယ်ထွက်ပေါက် မြစ်ဝကျွန်းပေါ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသနှင့် ဆက်စပ်ပြီး ရန်ကုန်- ဘိုကလေး- ပုသိမ်လမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း/ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ရန်ကုန်- ဘိုကလေး- ပုသိမ်လမ်းမကြီးသည် ရန်ကုန်တောင်ပိုင်းခရိုင်မှ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ လပွတ္တာခရိုင်၊ မြောင်းမြခရိုင်နှင့် ပုသိမ်ခရိုင်တို့ကို ဆက်သွယ်ပေးသော လမ်းမကြီးဖြစ်သည်။ ရန်ကုန်မြို့မှ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့အထိ ရန်ကုန်- ကော့မှူး ဖျာပုံ- ဘိုကလေးလမ်းအပိုင်းမှာ မိုင်(၇၇/၅) ခန့်ရှိသည်။ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းဖြစ်ပြီး အများပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်သည်။ ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ ဆက်သွယ်သောလမ်းတွင် တည်ဆောက်ဆဲ မြန်မာ- ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်း ရှိသည်။ တည်ဆောက်ပြီး တံတားကြီးများမှာ တွံတေးတံတား၊ ဒေးဒရဲတံတားနှင့် ဖျာပုံတံတားတို့ တည်ရှိကြသည်။

### ရန်ကုန်-ဘိုကလေး-ပုသိမ်လမ်း (ဘိုကလေး -ပုသိမ် လမ်းအပိုင်း) လမ်း/တံတားတိုးတက်ရေးဆောင်ရွက်နေမှုများ

ဧရာဝတီတိုင်းဒေသကြီးမှာ ခရိုင်ခြောက်ခရိုင်နှင့် မြို့နယ်ပေါင်း၂၆ မြို့နယ်ရှိပြီး လူဦးရေအားဖြင့် ၆၃ သိန်းကျော်နေထိုင်ကြပါသည် မြစ်ချောင်းပေါများခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး အင်မတန် ခက်ခဲခဲ့သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများအနေဖြင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့အနေဖြင့် ၂၀၀၈ ခုနှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း နာဂစ်လမ်းကွန်ရက် ၁၁ လမ်းရှိ လမ်း/တံတားများတိုးတက်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ နာဂစ်လမ်းကွန်ရက်ထဲမှ တစ်လမ်းဖြစ်သော ဘိုကလေး- မော်လမြိုင်ကျွန်း- ဝါးခယ်မ- မြောင်းမြ- ပုသိမ်လမ်း (ဘိုကလေး- ပုသိမ်လမ်းပိုင်း)ကိုလည်း ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနက လမ်းအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ယင်းလမ်းပိုင်းအတွင်း အရေးပါသော တံတားကြီးလေးစင်းဖြစ်သော စော်ကဲမြစ်ကူးတံတား၊ ကျွန်းပြဿဒ်မြစ်ကူးတံတားနှင့် ကျွန်းကုန်းတံတားတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူ၍တည်ဆောက်ပေးလျက်ရှိပြီး ဝါးခယ်မတံတားကို မူလကြိုးတံတားမှ အခိုင်အမာသံမဏိ သံပေါင်တံတားအဖြစ် တံတားတည်ဆောက်ရေးအဖွဲ့ (၁၅) က တာဝန်ယူ တည်ဆောက်ပေးလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ တံတားကြီးများ ပြီးစီးသွားပါက ဘိုကလေးမြို့၊ မော်လမြိုင်ကျွန်းမြို့၊ ဝါးခယ်မမြို့တို့မှ ပုသိမ်မြို့သို့ အချိန်တိုတိုဖြင့် သွားရောက်နိုင်ကြမည့်အပြင် ဖျာပုံ၊ ဒေးဒရဲမြို့တို့မှ ခရီးသွားပြည်သူများအနေဖြင့် မအူပင်- ပန်းတနော်- ပုသိမ်အဝေးပြေးလမ်းမကြီးမှ ပုသိမ်မြို့သို့ သွားရမည့်ခရီးလမ်းထက် အချိန်သက်သာစွာဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။



စော်ကဲတံတားလုပ်ငန်းတည်ဆောက်နေမှုကို တွေ့မြင်ရစဉ်။

### ရန်ကုန်-ဘိုကလေး-ပုသိမ်လမ်းမကြီးကြောင့် ဖွံ့ဖြိုးတိုးတက်လာတော့မည့် ဘိုကလေးမြို့နှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော


ဘိုကလေးမြို့သည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း တည်ရှိသည်။ ရန်ကုန်မှဘိုကလေးအထိ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းရှိပြီး ခရီးအကွာအဝေး (၇၇/၅ မိုင် ရှိသည်။ ယခုအခါ ဘိုကလေး- မော်လမြိုင်ကျွန်းမြို့ကြားတွင် ဘိုကလေးတံတား၊ ကျွဲခြံရေကျော်တံတား၊ ရာဇူဒိုင်တံတားအမှတ်(၁)နှင့် (၂)တို့ကို တည်ဆောက်ပြီး ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့နှင့် ဝါးခယ်မမြို့ကြားတွင် စော်ကဲတံတားနှင့် ကျွန်းပြဿဒ်တံတားများ တည်ဆောက်လျက်ရှိပြီး မကြာမီ ပြီးစီးတော့မည် ဖြစ်ပါသည်။ ဘိုကလေးမြို့မှ ဖျာပုံမြို့၊ မအူပင်မြို့များမှတစ်ဆင့် ပုသိမ်မြို့သို့ ခရီးအကွာအဝေး ၁၅၀/၀ မိုင်ခန့်ကို ယာဉ်မောင်းချိန် ငါးနာရီနီးပါး ကြာမြင့်ပါသည်။ ယခုအခါ ဘိုကလေး- ပုသိမ်လမ်းပိုင်းမှာ ခရီးအကွာအဝေး ၉၀/၀ မိုင်ခန့်သာရှိပြီး ခရီးသွားကြာမြင့်ချိန် သုံးနာရီခန့်သာ ရှိလာမည်ဖြစ်သောကြောင့် ဖျာပုံ- ဘိုကလေးဘက်မှ ခရီးသွားပြည်သူများ ဧရာဝတီတိုင်းဒေသကြီးမြို့တော် ပုသိမ်မြို့သို့ အချိန်တိုအတွင်း သွားလာနိုင်တော့မည် ဖြစ်သည်။ ဘိုကလေးမြို့မှ ပင်လယ်ထွက်ပေါက် ဒေသများသို့ ဆက်သွယ်သော ဘိုကလေး- ကြိမ်ချောင်း- ကဒုံကနိလမ်း ၄၂/၀ မိုင်နှင့် ဘိုကလေး- စက်ဆန်း- ထော်ပိုင်- အမာလမ်း ၃၈/၅ မိုင်အရှည်ရှိ ဆက်သွယ်ထားသော လမ်းများလည်း ရှိသောကြောင့် ဘိုကလေးဒေသ ပတ်ဝန်းကျင်ပင်လယ်ထွက်ပေါက်များမှာလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ဘိုကလေးမြို့နယ်အတွင်း တည်ရှိပြီး ၃၃၇၇၆ ဧက (၅၂ ဒသမ ၇၈ စတုရန်းမိုင်) ကျယ်ဝန်းသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောဂေဟစနစ်ကို ကာကွယ်ရန်၊ ငါး/ပုစွန်များ မျိုးပွားခိုလှုံရာဒေသများကို ကာကွယ်ရန်၊ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရင်ဆိုင်နေရသော ရေချိုနှင့် ရေငန်စပ်မိကျောင်းများ သဘာဝအတိုင်း ရှင်သန်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ်လည်းကောင်း သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ဒီရေတောအတွင်း စက်လှေစီး၍ လေ့လာခြင်း၊ ဒေသခံများ၏ မိရိုးဖလာ ငါးဖမ်းဆီးခြင်း၊ မိကျောင်းများ၏ ကျက်စားမှုအလေ့အထများကို လေ့လာခြင်း၊ ငှက်ကြည့်ခြင်းနှင့် ဧရာဝတီ

စာမျက်နှာ ၇ သို့



တံတားတည်ဆောက် ပြီးစီးပါက ဖြစ်ပေါ်လာမည့် စော်ကဲတံတား




ရန်ကုန်- ဘိုကလေး- ပုသိမ်လမ်း (ရန်ကုန်- ကော့မှူး- ဖျာပုံ-ဘိုကလေး- မော်လမြိုင်ကျွန်း- ဝါးခယ်မ- ပုသိမ်လမ်း)



ဝါးခယ်မဘက်ကမ်း လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေ တွေ့ရစဉ်။



ဝါးခယ်မတံတားတည်ဆောက်ပြီးစီးပါက တွေ့မြင်ရမည့်ပုံစံ။

*စာမျက်နှာ ၆ မှ*

လင်းပိုင်များ နေထိုင်ကျက်စားမှုများ စသည်တို့နှင့် ပတ်သက်၍ လေ့လာနိုင်ကြသည်။ မိန်းမလှကျွန်းတွင် မျောက်တစ်ရာကင်းစခန်းအနီး တည်ထားကိုးကွယ်ထားသည့် တန်ခိုးကြီး မျောက်တစ်ရာစေတီတော် (အောင်စေတီတော်မြတ်) တည်ရှိကြောင်းလည်း သိရှိရသည်။ ဘိုကလေးမြို့နယ် ဘိုကလေး- ကြိမ်ချောင်း- ကဒုံကနိလမ်းပေါ်ရှိ ပေချောင်းကြီးကျေးရွာတွင် ကံ့ကော်တစ်ထောင်ဆရာတော်ကြီးက ကံ့ကော်တစ်ထောင် ဘုရားစေတီများတည်ထားပြီး ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် သာသနာပြု ဆောင်ရွက်လျက်ရှိသည်။ ဆရာတော်ကြီးမှာ သက်တော် ၇၅ နှစ် ပြည့်ပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ရရှိပြီးဖြစ်ကြောင်း သိရှိရသည်။ ဘိုကလေးမြို့နယ်တွင် ထင်ရှားသည့် ဘုရားစေတီပုထိုးများမှာ မြို့ကျက်သရေဆောင် သမိုင်းဝင် အောင်စကြာစေတီ၊ အောင်တော်မူဘုရား၊ အောင်စေတီ၊ မြစိမ်းရောင်ဘုရားနှင့် တောင်လက်ျာဘုရားများ စသည့်တန်ခိုးကြီးဘုရားများ တည်ရှိသည်။

အချုပ်အားဖြင့် ဘိုကလေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ကို အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ လမ်းကွန်ရက်များ၊ လမ်း/ တံတားများ တိုးတက်ဖောက်လုပ်နေမှုများကြောင့် ဘိုကလေးဒေသရှိတန်ခိုးကြီးဘုရားစေတီပုထိုးများ၊ အာဆီယံအမွေအနှစ် စာရင်းဝင် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများသို့ မြန်မာပြည်တစ်ဝန်းလုံးရှိ ခရီးသွားပြည်သူများ လာရောက်လေ့လာလည်ပတ်နိုင်တော့မည် ဖြစ်သည်။ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့မှလည်း ရန်ကုန်-ဘိုကလေး-ပုသိမ်လမ်းမကြီးကို အသုံးပြု၍ ကုန်းလမ်းခရီးမှ သော်လည်းကောင်း၊ ရေလမ်းခရီးမှသော်လည်းကောင်း ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်သောကြောင့် ဘိုကလေးမြို့နယ်ဒေသတစ်ခုလုံး အရှိန်အဟုန်ဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

### မော်လမြိုင်ကျွန်းမြို့နှင့် ရာဇူဒိုင် တံတားအမှတ် (၁)နှင့် (၂)

မော်လမြိုင်ကျွန်းမြို့ခေါ် မော်ကျွန်းမြို့လေးမှာ ရေပတ်လည်ဝိုင်းနေပြီး ကျွန်းပုံစံတည်ရှိနေသော မြို့လေး ဖြစ်သည်။ ရှေးက မြတ်စွာဘုရားလောင်း ဥဒေါင်းမင်း ပျော်မြူးပျော်မွေ့ရာ မောရမြိုင်ကျွန်းဟု တင်စားခေါ်ဝေါ်ခြင်းသော်လည်းကောင်း၊ မော်လမြိုင်ပန်းများ ဝန်းရံပေါက်ရောက်နေသောမြို့ဟု ခေါ်ဆိုခြင်းသော်လည်းကောင်းဖြစ်နိုင်သည်ဟု သက်ကြီးစကားသက်ငယ်ကြား ပြောကြားခဲ့သော မော်လမြိုင်ကျွန်းမြို့ကလေး ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့ကလေးသည် ၂၀၀၈ ခုနှစ် နာဂစ်မတိုင်မီက အထီးကျန်ဆန်သော ကျွန်းအဆင့်အတန်းမှ ယခုအခါ ရန်ကုန်- ဘိုကလေး- မော်ကျွန်း- မြောင်းမြ- ပုသိမ်လမ်း ပေါက်လာပြီဖြစ်၍ မြန်မာပြည်တစ်ဝန်းသို့ အချိန်နှင့်တစ်ပြေးညီ ကူးလူးသွားလာနိုင်သောမြို့ဖြစ်လာပါပြီ။ မော်လမြိုင်ကျွန်းမြို့နှင့် ဆက်သွယ်နေသောလမ်းများမှာ မအူပင်- တွံတေးလမ်း (လမ်းအရှည်- ၇၀/ ၃) မိုင်၊ ယာဉ်မောင်းချိန် နှစ်နာရီခွဲဖြင့် ရန်ကုန်မြို့သို့ သွားနိုင်ပြီ ဖြစ်သည်။ မော်ကျွန်းမှ ပုသိမ်မြို့သို့ သွားရာတွင် မော်ကျွန်း- မအူပင်- ဗိုလ်မြတ်ထွန်းတံတား- ပုသိမ်လမ်းမှ ခွဲလျှင် လမ်းအရှည် (၁၃၈/ ၀)မိုင်ခန့်ကို ယာဉ်မောင်းချိန် ငါးနာရီခန့် ကြာမြင့်နိုင်သည်။ ယခုအခါ ရန်ကုန်- ဘိုကလေး- ပုသိမ်လမ်းပေါ်တွင် တည်ဆောက်လျက်ရှိသော စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ဝါးခယ်မတံတားများ ပြီးသွားပါက မော်ကျွန်းမှ ပုသိမ်သို့ (၇၅/၁) မိုင်ရှိလာမည်ဖြစ်ပြီး ယာဉ်မောင်းချိန်၂ နာရီ ၄၅ မိနစ်ခန့်နှင့် ဧရာဝတီတိုင်းဒေသကြီးမြို့တော် ပုသိမ်မြို့သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့အဝင် ရာဇူဒိုင်မြစ်ကြီးနှင့် တည်ဆောက်ပြီးစီးနေပြီဖြစ်သော ရာဇူဒိုင်တံတားအမှတ် (၁) နှင့်(၂)တို့မှာ မော်လမြိုင်ကျွန်းမြို့ကြီးနှင့် ပန်းရလှပါသည်။

မော်လမြိုင်ကျွန်းမြို့နယ်၏ ခရိုင်မြို့ဖြစ်သော လပွတ္တာမြို့သို့ ယခင်က ရေလမ်းခရီးဖြင့်သာ သွားလာရသည်။ မကြာမီ ကားလမ်းခရီးဖြင့် မော်လမြိုင်ကျွန်းမှ လပွတ္တာမြို့သို့ မြောင်းမြမြို့၊ မြောင်းမြတံတားနှင့် ပင်လယ်လေးတံတားများမှတစ်ဆင့် ခရီးအကွာအဝေး (၉၁/၀) မိုင်ခန့်ကို ကားလမ်းခရီး လေးနာရီဖြင့် ရောက်ရှိနိုင်တော့မည် ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့လေးသည် မအူပင်-ရေလဲ- ရွှေတောင်မှော်- ကျိုက်ပိ- မော်ကျွန်းလမ်း၊ ရန်ကုန်- ဘိုကလေး- ပုသိမ်လမ်းနှင့် မော်ကျွန်း- လှိုင်းဘုန်း- သစ်ပုတ်- ပြင်စလူလမ်း လမ်းသုံးလမ်း ဆုံရာဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့သည် ဧရာဝတီမြစ်၏ မြစ်လက်တက်နှစ်ခုဖြစ်သော ရာဇူဒိုင်မြစ်နှင့် တုံးလှဲမြစ်တို့ ဆုံရာတွင်တည်ရှိပြီး သာယာလှပသော မြို့လေးတစ်မြို့ ဖြစ်သည်။ မြို့ကျက်သရေဆောင်ဘုရားကြီးများမှာ မြို့လယ်တာဝတိံသာဘုရားကြီးနှင့် သမ္မာသမ္ဗုဒ္ဓမြို့ဦးစေတီတော်တို့ဖြစ်သည်။ ၁၉၃၄ ခုနှစ်တွင် စတင်တည်ဆောက်ဖွင့်လှစ်ခဲ့သော မော်လမြိုင်ကျွန်း အ.ထ.က(၁) အစိုးရအထက်တန်းကျောင်းကြီးလည်း စိန်ရတုတိုင်ခဲ့ပြီ ဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်သည် ညီညာပြန့်ပြူးသော မြေပြန့် လွင်ပြင်ဒေသဖြစ်ပြီး မြို့နယ်အတွင်း မြစ်ချောင်းများ အနှံ့အပြား တည်ရှိသည့် မြစ်ဝကျွန်းပေါ်အရပ်ဒေသဖြစ်သည်။ မြေဩဇာကောင်းမွန်သော နုန်းတင်မြေနုများရှိသောကြောင့် နှမ်း၊ မိုး၊ ဆောင်းစပါး စိုက်ပျိုးဖြစ်ထွန်းသော သာယာလှပသည့်မြို့နယ် ဖြစ်သည်။ ထင်ရှားသော မြစ်ချောင်းများမှာ ရာဇူဒိုင်မြစ်၊ တုံးလှဲမြစ်၊ စော်ကဲမြစ်၊ ကျွဲခြံမြစ်တို့ဖြစ်ပြီး မြို့ပတ်လည်တွင် စီးဆင်းသော မြစ်များဖြစ်ပါသည်။ မော်လမြိုင်ကျွန်းမြို့သည် ကျွန်းအဖြစ် တည်ရှိကာ ရေအရင်းအမြစ်အများစုမှာ ရေချိုဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။ သင်္ဘော၊ စက်လှေများ သွားလာနိုင်သည်။ ရေလမ်းခရီးသာမက ရန်ကုန်- ဘိုကလေး- ပုသိမ်လမ်းမကြီးပေါ်တွင် မော်လမြိုင်ကျွန်းမြို့ တည်နေသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ အလျင်အမြန် စီးပွားရေးဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့အဖြစ် ရောက်ရှိလာပါတော့မည်။

### ဝါးခယ်မမြို့နှင့် သကျမဟာသီရိဘုရားကြီး

မြစ်ချောင်းအင်းအိုင်များပေါများသော ဧရာဝတီတိုင်းဒေသကြီးရှိ အောက်ဘက်(ပင်လယ်ဘက်) အရပ်ကျသော မြို့နယ်များသည် ယခင်က ရေလမ်းခရီးကိုသာ အားထား၍ တစ်မြို့မှတစ်မြို့သို့ သွားလာမှု၊ ကုန်စည်ပို့ဆောင်ကူးသန်းရောင်းဝယ်မှု ပြုလုပ်ခဲ့ရသော မြို့နယ်များဖြစ်ပါသည်။

ထိုမြို့နယ်များအနက် ဝါးခယ်မမြို့လည်း ပါဝင်ခဲ့သည်။ ယခုအခါ ဝါးခယ်မတံတား၊ ရွှေလောင်းတံတားနှင့် ကျွန်းကုန်းတံတားကြီးများ မကြာမီ အခိုင်အမာ သံမဏိ သံပေါင်တံတားကြီးများအဖြစ် ရောက်ရှိလာမည်ဖြစ်ပြီး ရန်ကုန်- ဘိုကလေး- ဝါးခယ်မ- ပုသိမ်လမ်းမကြီးလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ရာ အချိန်တိုအတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ ကားလမ်းခရီး ပေါက်နေပြီဖြစ်၍ ဖွံ့ဖြိုးစည်ပင်မှုများလည်း ပိုမိုအားကောင်းလာပြီ ဖြစ်သည်။

ဝါးခယ်မမြို့နယ်သည် မြို့နယ်ဂုဏ်ဆောင်ထူးချွန်ကြသူများ၊ နိုင်ငံချစ်သော အထင်ကရပုဂ္ဂိုလ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေး စွမ်းဆောင်ရှင်များ၊ စာပေ၊ ဂီတပညာရှင်များကို အစထား၍ များစွာသော ထူးချွန်ထက်မြက်သူများ၏ ဇာတိမြေအဖြစ် ရပ်တည်နေသော မြို့တစ်မြို့ဖြစ်ကြောင်း သိရှိရသည်။

ဝါးခယ်မမြို့မှာ လေ့လာမှတ်သားမှုအရ မြို့တည်သက်တမ်းအား တရားဝင်ခွင့်ပြုခြင်းကို ၁၉၀၆ ခုနှစ် အောက်တိုဘာလ ၁ ရက်ဟု မှတ်သားတွေ့ရှိရသောကြောင့် ယနေ့ ဝါးခယ်မမြို့၏သက်တမ်းမှာ ၁၁၄ နှစ်ရှိခဲ့ပြီဖြစ်၍ နှစ် ၁၁၀ ကျော်သက်တမ်းရှိသော မြို့ဟုလည်း ဆိုနိုင်ပါသည်။

ရှေးသာသနာပြုစာပေမှတ်တမ်းများတွင် ဝါးခယ်မမြို့သည် မြို့ဦး၊ မြို့လယ်၊ မြို့စွန်တို့၌ ဘုရား၊ စေတီများ ကိန်းဝပ်နေသောကြောင့် ကမ္ဘာစစ်ဖြစ်ခဲ့စဉ်အခါက စစ်ဘက်အရေးအခင်းဘေးမှ ကင်းဝေးခဲ့သည်ဟု မှတ်သားရပါသည်။ ဂုဏ်ယူစရာအဖြစ် မှတ်တမ်းတင်ကြရမည် ဖြစ်သည်။ ဝါးခယ်မမြို့ဦးမြို့ထိပ်မှ မြသိန်းတန်စေတီတော်သည် ရှေးဟောင်းအမွေအနှစ်ဖြစ်ပြီး သက္ကရာဇ် ၁၂၅၃ ခုနှစ်က ဉာဏ်တော်အမြင့် ၁၀၉ ပေနှင့် မြေစိုက်စေတီဖြစ်သော်လည်း လုံးတော်ပြည့်ရွှေသင်္ကန်းနှင့် မြစ်နံဘေးတင့်တယ်စွာ စံပယ်နေပါသည်။

ဝါးခယ်မမြို့လယ်၌လည်း မြို့ကျက်သရေဆောင် ကြေးသွန်းရုပ်ပွားတော်ကြီးကလည်း ကိန်းဝပ်နေပါသည်။ တင်ပျဉ်ခွေအထိုင် ဘူမိဖဿမုဒြာဟန်နှင့် ဉာဏ်တော်ကိုးတောင်ရှိ ကြေးသွန်းရုပ်ပွားတော်ကြီးကို ကြေးပိဿာချိန် ၉၉၉၉ ပိဿာ ၉၉ ကျပ် ၉ မူးသားဖြင့် ၁၂၅၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်နေ့တွင် စတင်တည်ထားခဲ့ပြီး ကြေးသွန်းဘုရားကြီးကို သကျမဟာသီရိဘုရားကြီးဟု ဘွဲ့အမည်ပေးကြောင်း သိရှိရသည်။ ဘုရားကြီးနှင့်ပတ်သက်၍ နဝင်းငါးလီ ကျနေသည်ကို တွေ့ရ၍ ဧရာဝတီတိုင်းဒေသကြီး၌ ထူးထူးခြားခြား တန်ခိုးကြီးထင်ရှားကျော်ကြားလျက် ရှိပါသည်။ မြို့အစွန် တစ်ဖက်ကမ်းမှ ရှေးဟောင်းစေတီမှာ ပြည်လုံးချမ်းသာ သော်ကစေတီတော်ဟု ဘွဲ့အမည်ရပြီး မူလဒါယကာမွန်မျိုးနွယ်ဖြစ်သော သမုဒ္ဒသောသမင်းနှင့် မိဖုရားဥမ္မာဒန္တီမင်းသမီးတို့ ကောင်းမှုဖြင့် တည်ထားခဲ့သော ရှေးဟောင်းစေတီဖြစ်သည်။

ဝါးခယ်မမြို့သည် ရာသီအချိန်မရွေး စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ခြင်း၊ ရေချိုအရပ်ဖြစ်၍ ရေချိုသယံဇာတများဖြစ်သော ငါး၊ ပုစွန် ပေါများခြင်း၊ ငါးမွေးမြူရေးအတွက် ရေခံမြေခံကောင်းများရှိခြင်း၊ ဆန်ရေစပါးပေါများစွာ ထွက်ရှိခြင်း၊ ကုန်ရောင်းကုန်ဝယ် လွယ်ကူချောမွေ့စည်ပင်ခြင်း၊ လယ်ယာထွက်ကုန်များ ပေါကြွယ်ဝခြင်းစသည့် မြို့ရွာကျေးလက်စည်ပင်ဖွံ့ဖြိုးစေသော အကြောင်းရင်းများ၊ ဝါးခယ်မမြို့နှင့် ဆက်သွယ်လျက်ရှိသော ရန်ကုန်- ဘိုကလေး- ပုသိမ်လမ်းပေါ်တည်ရှိပြီး ကုန်းလမ်း၊ ရေလမ်းများဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် အချိန်အခါမရွေး သွားလာဆက်သွယ်နိုင်ခြင်းများကြောင့် ထာဝရစည်ပင်နေသော မြို့နယ်တစ်ခု ဖြစ်သည်။

### ဖွံ့ဖြိုးဝေစည် တိုင်းဧရာဝတီ

ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ မူဝါဒတစ်ခုဖြစ်သော နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံတော်အတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်စေရေးအတွက် အမျိုးသားစီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လက်တွဲညီကာ လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကြောင့် မကြာမီအချိန်အတွင်း လက်ရှိ ရန်ကုန်-ပုသိမ်လမ်းမကြီးအပြင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်- ဘိုကလေး- ပုသိမ်လမ်းမကြီး ပေါ်ထွက်လာတော့မည် ဖြစ်သည်။ လမ်းမကြီးတစ်လျှောက် တည်ရှိနေထိုင်ကြသော ဒေသခံပြည်သူများ လွယ်ကူစွာ ခရီးသွားလာ၍ ကုန်စည်များ ကူးသန်းသယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်သောကြောင့် "ဖွံ့ဖြိုးဝေစည် တိုင်းဧရာဝတီ"ဟု ဒေသခံပြည်သူများအတွက် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**"ယခုအခါ ဝါးခယ်မတံတား၊ ရွှေလောင်းတံတားနှင့် ကျွန်းကုန်းတံတားကြီးများ မကြာမီ အခိုင်အမာ သံမဏိ သံပေါင်တံတားကြီးများအဖြစ် ရောက်ရှိလာမည်ဖြစ်ပြီး ရန်ကုန်- ဘိုကလေး- ဝါးခယ်မ- ပုသိမ်လမ်းမကြီးလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ရာ အချိန်တိုအတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ ကားလမ်းခရီး ပေါက်နေပြီဖြစ်၍ ဖွံ့ဖြိုးစည်ပင်မှုများလည်း ပိုမိုအားကောင်းလာပြီ"**

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့၏ လုပ်ငန်းတာဝန်ခွဲဝေရေးဆိုင်ရာ မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့၏ လုပ်ငန်းတာဝန်ခွဲဝေမှုဆိုင်ရာ မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ် (၅၂၈/၅၃၁) ရှိ စာပေဗိမာန်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ထွန်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဆရာကြီး စည်သူဒေါက်တာ သော်ကောင်းတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် လုပ်ငန်း တာဝန် ခွဲဝေရေးဆိုင်ရာ မူဘောင်သဘောတူညီချက်ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် ထွန်းဖောင်ဒေးရှင်းမှ ဒေါက်တာ တင်လှိုင်တို့က ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ရှေ့မှောက်၌ လက်မှတ် ရေးထိုးကြပြီး (ဝဲပုံ) စာချုပ်များကို လဲလှယ်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများအား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီး ဌာန ရုံးခွဲတာဝန်ခံများအား ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမမှ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင်လတ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယခုအခါ ဝန်ကြီးဌာန ၏ ဆောင်ပုဒ်ကို 'ခရီးသွားများ၊ ခရီးသွားလုပ်ငန်းများမှသည် ပြည်သူဆီသို့' ဟု ပြောင်းလဲသတ်မှတ်ခဲ့ပြီး ဆောင်ပုဒ်အတိုင်း ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်သည့် Service Ministry ဖြစ်လာရန် ဦးတည် ဆောင်ရွက်နေပါကြောင်း၊ ဝန်ဆောင်မှု ပေးရာတွင် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြည်သူများ ၏ လိုအပ်ချက်များကို အမြန်ဆုံး တုံ့ပြန်ဖြည့်ဆည်း ပေးနိုင်ရန်နှင့် ကျင့်ဝတ်သိက္ခာနှင့်အညီ အရည်အချင်းပြည့်ဝသည့် ပြည်သူ့ဗဟိုပြု ဝန်ထမ်းများ ဖြစ်လာစေရန် ရည်ရွယ်၍ ဝန်ကြီးဌာနမှ ဝန်ထမ်းများ ဝန်ဆောင်မှုလက်စွဲစာအုပ်ကို ပြုစုပြီး ပါကြောင်း၊ ကိုဗစ်-၁၉ ကာလနှင့် ကြုံတွေ့နေချိန် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရန် ဝန်ကြီးဌာနမှ ဦးဆောင်ဆောင်ရွက်သွားမှာဖြစ်ပြီး Private Sector နှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန ဝန်ထမ်းများက ဝန်ကြီးဌာန၏ မူဝါဒ၊ ဦးတည်ချက်၊ လုပ်ငန်းစဉ်များကို ကျေကျေညက်ညက် သိရှိပူးပေါင်း ပါဝင်ထိန်းကျောင်း ဆောင်ရွက်နိုင် ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ယနေ့ ကိုဗစ်-၁၉ ကာလအတွင်း၌ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ရောဂါ ပြန့်ပွားမှုမရှိအောင် ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများနှင့် ခရီးသည် များကို လိုအပ်သည့် အသိပေး ထိန်းကျောင်းကြပ်မတ်မှုများကို ဒေသ လိုအပ်ချက်အပေါ် မူတည်ဖွဲ့စည်း ထားသည့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များက ထဲထဲဝင်ဝင် ဦးဆောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 Tourism Relief Plan ကို ရေးဆွဲ၍ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဆက်စပ် လုပ်ငန်းများကို တတ်နိုင်သမျှ ပံ့ပိုး ကုစားပေးရန်အတွက် COVID-19 Relief Package တွင်ပါသော နေ့တွက်ခပေးသည့် သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလိုင်စင် များ ထုတ်ပေးခွင့်ပြုရာတွင် ကြန့်ကြာ မှုမရှိစေရေးအတွက် စီမံဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်က တိုင်းဒေသကြီး၊ ပြည်နယ်များ ၏ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက် စေရန်နှင့် ပြည်တွင်းခရီးသွားလုပ်ငန်း ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ခရီး စဉ်ဒေသ စီမံခန့်ခွဲမှုကော်မတီ (DMO) များမှ ထိထိရောက်ရောက် ဆောင်ရွက် နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီများ၏ အတွင်းရေးမှူးများ ဖြစ်သည့် မိမိတို့ ရုံးခွဲတာဝန်ခံများ ကလည်း ခရီးစဉ်ဒေသဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေးနှင့် Physical Distancing ဖြင့် ခရီးစဉ်ဒေသများ ပိုမိုဖွင့်လှစ် သွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်အပါ အဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲ ၁၅ ခုမှ ရုံးခွဲတာဝန်ခံများက လက်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် များ ထုတ်ပေးနေမှု၊ ခရီးစဉ်ဒေသစီမံ ခန့်ခွဲမှုအဖွဲ့ (DMO) ဖွဲ့စည်းဆောင်ရွက် နေမှုများ၊ ကိုဗစ်-၁၉ ကုစားရေး Package သင်တန်းများ ဖွင့်လှစ် ဆောင်ရွက်နေမှုများ၊ ဒေသအလိုက် ခရီးသွားဆွဲဆောင်မှု နေရာများ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ် တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု များကို အသီးသီးဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူး ချုပ်တို့က ပြန်လည်ဆွေးနွေး ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၉) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

(၉)ကြိမ်မြောက် မဲခေါင်ဒေသခွဲ နိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာဝန်ကြီး အဆင့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မဲခေါင်ဒေသခွဲနိုင်ငံများ ဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များပါဝင်လျက် Virtual Meeting အဖြစ် နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးကို လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ဆိုင်ရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Dr. Inthavong က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေက ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ဆိုင်ရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Dr. Saynakhone Inthavong က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးအစီအစဉ်အရ ASEAN Specialized Meteorological Center (ASMC) မှ မဲခေါင်ဒေသအတွင်း မီးခိုး မြူငွေ့ဖြစ်ပေါ်မှုအခြေအနေများကို တင်ပြဆွေးနွေးခြင်း၊ (၁၅) ကြိမ် မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေး တွင် ဆွေးနွေးခဲ့မှုအစီရင်ခံစာအပေါ် အတည်ပြုခြင်း၊ ၂၀၁၇ ချင်းရိုင်စီမံချက် (Chiang Rai Action Plan 2017) အကောင်အထည် ဖော်နိုင်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းတွင် စီမံချက် အရ မဲခေါင်ဒေသခွဲ နိုင်ငံများ၏ မီးလောင်ကျွမ်းမှုအရေအတွက် Hot-spot Counts ၅၀၀၀၀ ထက် မကျော် လွန်စေရေး လျာထားသတ်မှတ်မှုကို ၂၀၂၅ ခုနှစ်အထိ တိုးမြှင့်ဆောင်ရွက် မည့်ကိစ္စ၊ မဲခေါင်ဒေသခွဲ နိုင်ငံများ အကြား မီးခိုးမြူငွေ့ထိန်းချုပ်မှု စီမံ ခန့်ခွဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ တိုးတက်မှု အခြေအနေများကို ဆွေးနွေးအတည် ပြုခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ် ရုံးမှ အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ (၂၀၁၆-၂၀၂၀) အပေါ် ပြန်လည် သုံးသပ်ခြင်း၊ အာဆီယံသစ်ဆွေးမြေ ဆိုင်ရာ စီမံခန့်ခွဲမှုမဟာဗျူဟာ (AS-EAN Peatland Management Strategy- APMS (2014-2020)) ကို သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြ သည်။




မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ဒေသတွင်း သစ်ဆွေးမြေများရေရှည် တည်တံ့စေရေးနှင့် မီးခိုးမြူငွေ့လျှော့ ချရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက် သွားမည့် လုပ်ငန်းစဉ်များအဖြစ် နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သော EU, IUCN, GIZ, GEC, CIFOR, IFAD တို့နှင့် ပူးပေါင်း၍ မဲခေါင်ဒေသတွင်း သစ်ဆွေးမြေများ ရေရှည်တည်တံ့စေ ရေးဆိုင်ရာစီမံကိန်း (Sustainable Management of Peatland Eco-systems in Mekong Countries)၊ သစ်ဆွေးမြေနှင့် မီးခိုးမြူငွေ့ညစ်ညမ်း မှုလျှော့ချရေးဆိုင်ရာ စီမံကိန်း (ASEAN-EU Sustainable Use of Peatland and Haze Mitigation in ASEAN-SUPA)၊ မီးခိုးမြူငွေ့ကင်းစင် ရေးအတွက် ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်း (Measurable Action for Haze-Free Sustainable Land Management in Southeast Asia-MAHFSA) များကို အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် (၁၆)ကြိမ် မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ် ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပ သွားမည်ဖြစ်ရာ အစည်းအဝေးကျင်းပ မည့်အချိန်နှင့် နေရာတို့ကို အတည်ပြု ခဲ့ပြီး မဲခေါင်ဒေသခွဲ နိုင်ငံအသီးသီး နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ မှ နိဂုံးချုပ်အမှာစကားများ ပြောကြား သည်။

(၁၅)ကြိမ်မြောက် မဲခေါင်ဒေသခွဲ နိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုး မြူငွေ့ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်း အဖွဲ့အစည်းအဝေးကို ဩဂုတ် ၁၁ ရက် က နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ထံ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ဆုံဆို့နာရောဂါ ကပ်အသွင်ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြ

**နေပြည်တော် ဩဂုတ် ၁၄**

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်နှင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲတို့မှ တာဝန်ရှိသူများက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ဆုံဆို့နာရောဂါကပ်အသွင်ဖြစ်ပွားမှု (outbreak) နှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ပြုလုပ်သည်။

**လုပ်ငန်းလမ်းညွှန်များ ပြုစုထား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ဆုံဆို့နာရောဂါအပါအဝင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများ ဖြစ်ပွားခြင်းအကြောင်းရင်းများမှာ -ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအားနည်းခြင်း၊ သက်ဆိုင်ရာလူအုပ်စု၏ စုပေါင်းရောဂါခုခံကာကွယ်နိုင်မှု အားနည်းခြင်း၊ ရွှေ့ပြောင်းနေထိုင်သူဦးရေများပြားခြင်း၊ ရောဂါကိုယ်ခံစွမ်းအားနည်းပါးသော လူအုပ်စုအတွင်းသို့ ရောဂါဝင်ရောက်လာခြင်း၊ ရောဂါပိုး၏ ပြင်းထန်မှုမြင့်မားခြင်း စသည့်အချက်များကြောင့်ဖြစ်ပါကြောင်း၊ နယ်မြေဒေသ သွားလာရခက်ခဲမှုနှင့် နယ်မြေဒေသလုံခြုံရေး အခြေအနေများသည် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအပေါ် များစွာသော အကျိုးသက်ရောက်မှုရှိပါကြောင်း၊ ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာဗဟုသုတများ၊ ကာကွယ်ဆေးများ၏ အကျိုးကျေးဇူးများကို ပြည်သူများ ပိုမိုကျယ်ကျယ် ပြန့်ပြန့်သိရှိစေရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုများအား အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရောဂါအမျိုးအစားအလိုက်၊ ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သက်ဆိုင်ရာပညာရှင်များ ပါဝင်သောကွင်းဆင်းအဖွဲ့များ ကြိုတင်ဖွဲ့စည်းထားရှိရမည် ဖြစ်ပါကြောင်း၊ ကွင်းဆင်းဆောင်ရွက်ရာတွင်လည်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရောဂါအမျိုးအစားအလိုက် လုပ်ငန်းလမ်းညွှန်များ ပြုစုထားရှိရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနင်းအိဖြူက တာချီလိတ်၊ မိုင်းခတ်၊ မိုင်းဆတ်၊ မိုင်းဖြတ်နှင့် မိုင်းတုံမြို့နယ်များတွင် လူနာစုစုပေါင်း ၄၅ ဦး တွေ့ရှိခဲ့မှုနှင့် သေဆုံးလူနာပေါင်း ခြောက်ဦးရှိမှု၊ အဆိုပါနေရာဒေသများ၏ နှစ်အလိုက် ကာကွယ်ဆေးလွှမ်းခြုံမှုအခြေအနေ၊ လူနာများအား ကုသပေးမှုအခြေအနေ၊ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ထားရှိမှု၊ လူနာနှင့် အနီးကပ်ထိတွေ့သူများအား ပိုးသတ်ဆေးတိုက်ကျွေးမှုအခြေအနေနှင့် အဆိုပါနေရာဒေသတွင် တုံ့ပြန်ကာကွယ်ဆေးထိုးခြင်း (outbreak response immunization) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကွင်းဆင်းတွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြသည်။

ဆက်လက်၍ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒေါက်တာအောင်မြတ်ဌေးက ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်နှင့် သတင်းပေးပို့မှုစနစ်များအား ဆန်းစစ်တွေ့ရှိချက်များနှင့် ကပ်ရောဂါဗေဒဆန်းစစ်တွေ့ရှိချက်များ၊ ကွင်းဆင်းလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် အဆိုပါနေရာဒေသရှိ ကျန်းမာရေးဝန်ထမ်းများအား ရောဂါစောင့်ကြပ်ကြည့်ရှုမှုသင်တန်းပြုလုပ်ပေးခဲ့မှုတို့ကို တင်ပြသည်။

ထို့နောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦးက ဆုံဆို့နာအဆိပ်ဖြေဆေးဝယ်ယူထားရှိမှု၊ ဖြန့်ဖြူးထားရှိမှုနှင့် ဆက်လက်ဝယ်ယူထားသည့် အစီအစဉ်များကို တင်ပြသည်။

**ဆွေးနွေးအကြံပြု**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်) ဒေါက်တာထွန်းတင်၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် တက်ရောက်လာကြသူများကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လက်ရှိတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ မြို့နယ် ငါးမြို့နယ်တွင် ဆုံဆို့နာရောဂါလူနာစုစုပေါင်း ၄၅ ဦးရှိပြီး သေဆုံးလူနာပေါင်း ခြောက်ဦးရှိမှုသည် ကိုဗစ်-၁၉ ကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ခြောက်ဦးနှင့် အရေအတွက်တူညီနေပါကြောင်း၊ ကာကွယ်ဆေးများကို ဝန်ကြီးဌာနမှ အခမဲ့ထိုးနှံတိုက်ကျွေးပေးနေမှုနှင့် သတ်မှတ်အသက်အရွယ်တွင် ကာကွယ်ဆေးများကို အကြိမ်ရေပြည့် ထိုးနှံတိုက်ကျွေးရန် အထူးအရေးကြီးမှုတို့ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရပ်ကွက်များနှင့် ကျေးရွာများတွင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများ၏ ရောဂါလက္ခဏာများနှင့် ကာကွယ်ဆေးများအကြောင်းကို အသံချဲ့စက်ဖြင့် အသိပညာပေးမှုများ ပိုမိုဆောင်ရွက်စေလိုပါကြောင်း။

ထို့ပြင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းလမ်းညွှန်နှင့် စံလုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံဆရာဝန်အသင်းမှ တစ်ဆင့် ပုဂ္ဂလိကအထွေထွေရောဂါကု ဆရာဝန်များထံသို့ ဖြန့်ဝေထားရှိရမည် ဖြစ်ပါကြောင်း၊ ရောဂါစောင့်ကြပ် ကြည့်ရှုမှုစနစ်များကို ဘက်စုံခြုံငုံသုံးသပ်ကာ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို အမြန်ဆုံးဆောင်ရွက်စေလိုပါကြောင်း၊ ဆုံဆို့နာအဆိပ်ဖြေဆေးများ ပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်တွက်ဆဝယ်ယူထားရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ခွေးရူးရောဂါကာကွယ်ဆေးထိုးနေမှုအခြေအနေများကို ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယတိုင်း ဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် ခရိုင်၊ မြို့နယ်များ၊ ကျန်းမာရေးဌာနများသို့ ကွင်းဆင်းဆန်းစစ်ခြင်းနှင့် ပံ့ပိုးဆောင်ရွက်ခြင်းများကို ပုံမှန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**



# အစိုးရ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ UPDJC အတွင်းရေးမှူးများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

အစိုးရ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများနှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre–NRPC) ၌ ကျင်းပသည်။ (ဃာပုံ)



ဆွေးနွေးပွဲတွင် မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံစတုတ္ထအစည်းအဝေး၌ ထည့်သွင်းချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ပါဝင်သည့် သဘောတူညီချက်များကို အစိုးရနှင့် NCA–S EAO မှ UPDJC ကိုယ်စားလှယ်များက ရှင်းလင်းပြောကြားကြပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ အစိုးရနှင့် NCA–S EAO၊ UPDJC အတွင်းရေးမှူးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အစိုးရအစုအဖွဲ့မှ UPDJC ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ဦးပြုံးချို(ခ) ဦးဌေးဝင်းအောင်၊ ဦးလှမောင်ရွှေနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ NCA–S EAO အစုအဖွဲ့မှ UPDJC ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမျိုးဝင်း (ABSDF)၊ စောမြရာဇာလင်း(ALP)၊ နိုင်အောင်မငေး (NMSP)နှင့် ခွန်မြင့်ထွန်း (PNU)၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ-မြန်မာ)၊ ဦးနိုင်ငံလင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးမြင့်စိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ စိုင်းကျော်ညွန့် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တာလှဖေ (တအာင်း (ပလောင်) အမျိုးသားပါတီ)၊ ဦးသိန်းထွန်း (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၊ ဦးအောင်ကြည်ညွန့် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဒေါက်တာအောင်မြတ်ဦး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးဦးလှစော (ရခိုင်အမျိုးသားပါတီ)၊ ဦးခွန်ထွန်းရွှေ (ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ)၊ ဦးရွှေမင်း (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ))၊ ဒေါက်တာတူးဂျာ (ကချင်ပြည်နယ်ပြည်သူ့ပါတီ)၊ ဒေါ်ရင်ရင်မေ (ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)၊ ဦးစောထွန်းအောင်မြင့် (ကရင်ပြည်သူ့ပါတီ)၊ ဦးဆိုင်နပ် ('ဝ'အမျိုးသားပါတီ)၊ စိုင်းနိုင်နိုင်ထွေး (ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ)၊ နန်းခင်စိန်မြင့် (တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ ဒေါ်အေးသီတာမြင့် (လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ ဦးစိုင်းဘိုးအောင် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)၊ ဦးငိုင်ဆာ့ခ် (ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) နှင့် ဦးထွန်းအောင် (အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ) တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများ ရှင်းလင်းပြောကြား

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မင်းပိုင်းရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ OSS ခန်းမ၌ ဩဂုတ် ၁၄ ရက်က ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး လှသူက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်နှင့် မြို့နယ်အတွင်းရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၉၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ကိုရဲ**

# နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေတကျ ဆိုင်ဖွင့်လုပ်ကိုင်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်လုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အခြေတကျ ဆိုင်ဖွင့်လုပ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များမှ လိုအပ်သည့် ရင်းနှီး မတည်ငွေအတွက် အတိုးနှုန်း သက်သာသော ချေးငွေ (ချေးငွေသက်တမ်း (၁) နှစ်၊ ၁ နှစ်လျှင် အတိုးနှုန်း ၂%) ကို အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ထုတ်ချေးပေးမည်ဖြစ်ကြောင်း (၂၄-၇-၂၀၂၀) ရက်နေ့တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီမှ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အခြေတကျ ဆိုင်ဖွင့်လုပ်ရောင်းချသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေးရန် ချေးငွေလျှောက်ထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (၄၄) ဖွဲ့အတွက် ချေးငွေကျပ် (၅၉.၄၉၈) ဘီလီယံအား စိစစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ အတိုးနှုန်းသက်သာသောချေးငွေ ရယူလိုသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေတကျ ဆိုင်ဖွင့်လုပ်ရောင်းချသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ် လုပ်ငန်းရှင်များအနေဖြင့် အောက်ပါဇယားတွင် ဖော်ပြထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ချေးငွေများ ရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| တိုင်းဒေသကြီး / ပြည်နယ် | ဆက်သွယ်ရမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအမည် |
|---|---|
| နေပြည်တော် | BG Microfinance Myanmar Co.Ltd.၊ Blue Lion Microfinance (Myanmar) Co.,Ltd၊ BRAC Myanmar Microfinance Co.Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ Vithey Microfinance Co.,Ltd ၊ စထာပါနာလီမိတက်၊ ဆန္ဒဘုန်းပြည့်အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဒီဝိုင်မိုက်ခရိုဖိုင်းနန့်ကုမ္ပဏီလီမိတက် ၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက် |
| ကချင်ပြည်နယ် | BG Microfinance Myanmar Co.Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် |
| ကယားပြည်နယ် | Alliance for Microfinance in Myanmar ၊ BG Microfinance Myanmar Co.Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ စထာပါနာလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် |
| ကရင်ပြည်နယ် | BG Microfinance Myanmar Co.Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ စထာပါနာလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ၊ လိုးတက်စ်ဘရစ်မိုက်ခရိုဖိုင်းနန့်စ် ၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် |
| ချင်းပြည်နယ် | BG Microfinance Myanmar Co.Ltd. ၊ သစ္စာဥယျာဉ် |
| စစ်ကိုင်းတိုင်းဒေသကြီး | Alliance for Microfinance in Myanmar ၊ BG Microfinance Myanmar Co.Ltd. ၊ BRAC Myanmar Microfinance Co.Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ Pact ( Global micro Finance Fund) အဖွဲ့အစည်း ၊ Shin Han Microfinance Myanmar ၊ Thant Zin Kyi Microfinance Co.,Ltd ၊ စထာပါနာလီမိတက် ၊ မြတ်ကျွန်းသာအသေးစားငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ၊ ရတနာသလ္လာ အသေးစားငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီလီမိတက်၊ သစ္စာဥယျာဉ် ၊ အယ်အိုအယ်စီ မြန်မာမိုက်ခရိုဖိုင်းနန့်(စ်) ၊ အေဝိုင်အိုအသေးစားငွေရေးကြေးရေး ကုမ္ပဏီလီမိတက် |
| တနင်္သာရီတိုင်းဒေသကြီး | BG Microfinance Myanmar Co.Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ၊ အောင်ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက် |
| ပဲခူးတိုင်းဒေသကြီး (အနောက်) | ASA Microfinance (Myanmar)Ltd. ၊ BG Microfinance Myanmar Co.Ltd. ၊ BRAC Myanmar Microfinance Co.Ltd ၊ PV Microfinance Co., Ltd. ၊ စထာပါနာလီမိတက်၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်) |
| ပဲခူးတိုင်းဒေသကြီး (အရှေ့) | ASA Microfinance (Myanmar) Ltd. ၊ BG Microfinance Myanmar Co.Ltd. ၊ BRAC Myanmar Microfinance Co.Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ Shin Han Microfinance Myanmar ၊ ကောင်းမွန်စစ်မှန်ယုံကြည်သော မြန်မာပေါင်းစုကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက် ၊ မြတ်ကျွန်းသာအသေးစားငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီလီမိတက်၊ မိုရာကော့မိုက်ခရိုဖိုင်းနန့်မြန်မာကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ ဒီဝိုင်မိုက်ခရိုဖိုင်းနန့်ကုမ္ပဏီလီမိတက် |
| မကွေးတိုင်းဒေသကြီး | Alliance for Microfinance in Myanmar ၊ ASA Microfinance (Myanmar) Ltd. ၊ BG Microfinance Myanmar Co.Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ စထာပါနာလီမိတက် ၊ တော်ဝင်ဟန်သီကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက် ၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်) ၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဖောင်ဒေးရှင်း |
| မန္တလေးတိုင်းဒေသကြီး | Alliance for Microfinance in Myanmar ၊ BG Microfinance Myanmar Co.Ltd. ၊ BRAC Myanmar Microfinance Co.Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ Shin Han Microfinance Myanmar ၊ Social Vision Microfinance Myanmar Co., Ltd ၊ ကေတီဂျီကုမ္ပဏီလီမိတက် ၊ ဂရိတ်ဗစ်ထရီမြန်မာကုမ္ပဏီလီမိတက် ၊ စထာပါနာလီမိတက် ၊ မြတ်ကျွန်းသာအသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ ရှန်းရှန်းကုမ္ပဏီလီမိတက် ၊ လွတ်မြောက်လမ်းဝန်ဆောင်မှုကုမ္ပဏီလီမိတက် ၊ သက်ပိုင်ဆွေကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် |
| မွန်ပြည်နယ် | ASA Microfinance (Myanmar) Ltd. ၊ BG Microfinance Myanmar Co.Ltd. ၊ BRAC Myanmar Microfinance Co.Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ စထာပါနာလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ၊ လိုးတက်စ်ဘရစ်မိုက်ခရိုဖိုင်းနန့်စ် ၊ အင်နိုကယ်ပီတယ်မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက် ၊ အယ်အိုအယ်စီ မြန်မာမိုက်ခရိုဖိုင်းနန့်(စ်) ၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် |
| ရခိုင်ပြည်နယ် | BG Microfinance Myanmar Co.Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ Pact ( Global micro Finance Fund) အဖွဲ့အစည်း ၊ ဇေယျာအောင်ကုမ္ပဏီ ၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် |
| ရန်ကုန်တိုင်းဒေသကြီး | ASA Microfinance (Myanmar) Ltd. ၊ BG Microfinance Myanmar Co.Ltd. ၊ BRAC Myanmar Microfinance Co.Ltd ၊ Do Microfinance Co., Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ PV Microfinance Co., Ltd. ၊ Shin Han Microfinance Myanmar ၊ Yangon Y Rural Development Microfinance Co.,Ltd ၊ စထာပါနာလီမိတက် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဖောင်ဒေးရှင်း၊ မဏ္ဍိုင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက် ၊ မြန်မာဖွံ့ဖြိုးရေးမိတ်ဆွေများကုမ္ပဏီလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ၊ လုပ်ခနေ့ချေးငွေကုမ္ပဏီလီမိတက် ၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက် ၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်) ၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် |
| ရှမ်းပြည်နယ် (တောင်) | Alliance for Microfinance in Myanmar ၊ BG Microfinance Myanmar Co.Ltd. ၊ BRAC Myanmar Microfinance Co.Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက် ၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ စထာပါနာလီမိတက် ၊ မြတ်ကျွန်းသာအသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက် ၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်) ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် |
| ရှမ်းပြည်နယ် (မြောက်) | Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် |
| ဧရာဝတီတိုင်းဒေသကြီး | ASA Microfinance (Myanmar)Ltd. ၊ BG Microfinance Myanmar Co.Ltd. ၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ Yangon Y Rural Development Microfinance Co.,Ltd ၊ စထာပါနာလီမိတက် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဖောင်ဒေးရှင်း ၊ ပြည့်မဟာဝန်ဆောင်မှုကုမ္ပဏီလီမိတက်၊ မြတ်ကျွန်းသာအသေးစား ငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက် ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ သပြေထွန်းကုမ္ပဏီလီမိတက်၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက် ၊ ဧရာတံခွန်ဝန်ဆောင်မှုကုမ္ပဏီလီမိတက် |

၄။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်အလိုက် ချေးငွေရယူနိုင်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အမည်စာရင်းများအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Website: www.frd.gov.mm နှင့် Facebook Page – Financial Regulatory Department တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းပယ်ဖျက်ခြင်းထုတ်ပြန်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**နေပြည်တော်**
**သတင်းထုတ်ပြန်ချက်**
**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်**

ပထမပူးပေါင်းဆောင်ရွက်သော ငွေရေးကြေးရေး (အက်ဖ်စီအက်ဖ်) ကုမ္ပဏီလီမိတက် (First Collaborative Finance (FCF) Co., Ltd.) သည် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်တွင် ပူးတွဲပါရှိသည့် စည်းကမ်းချက်ဖြစ်သော တစ်နှစ်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်ရမည့်အချက်အား ဖောက်ဖျက်၍ တစ်နှစ်ကျော်သည်အထိ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်းမရှိ၍ ၎င်းအားခွင့်ပြုထားသည့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ် အမှတ် NBFI/FC-07/07/2017 အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃-၇-၂၀၂၀ ရက်စွဲပါစာဖြင့် ရုပ်သိမ်းပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းမှတ်ပုံတင် လက်မှတ်အား ရုပ်သိမ်းကြောင်းနှင့် ပြန်လည်အပ်နှံရန် ပထမပူးပေါင်းဆောင်ရွက်သော ငွေရေးကြေးရေး (အက်ဖ်စီအက်ဖ်) ကုမ္ပဏီလီမိတက်သို့ အကြောင်းကြားစာပေးပို့ခဲ့သော်လည်း ကုမ္ပဏီက ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးနေသဖြင့် ပြန်လည်အပ်နှံခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာ၍ ၎င်းကုမ္ပဏီသို့ ထုတ်ပေးထားသည့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ် အမှတ် NBFI/FC-07/07/2017 အား ၃-၇-၂၀၂၀ ရက်နေ့မှစ၍ ရုပ်သိမ်းပယ်ဖျက်ပြီးဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# စစ်တွေမြို့နယ်၊ ကျောက်တန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ AA အကြမ်းဖက်အဖွဲ့ဝင်များအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကျောက်တန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဩဂုတ် ၁၂ ရက်က AA အကြမ်းဖက်အဖွဲ့ဝင်များအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်း သတင်းထုတ်ပြန်ချက်တွင် စစ်တွေမြို့နယ်၊ ကျောက်တန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသော ပူးပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် စစ်တွေမြို့ဘက်မှ ပုဏ္ဏားကျွန်းဘက်သို့ မောင်းနှင်လာသော သုံးဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ကျော်ကျော်ဝင်း (၃၈)နှစ်၊ မောင်ပု (၃၈)နှစ်နှင့် သာဇံ(အသက်၄၀) တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၀၊ မြန်မာငွေကျပ် ၁၂ သိန်း၊ လက်ကိုင်ဖုန်း ၃လုံး၊ AA လက်မောင်းတံဆိပ်နှင့် ARAKAN ARMY စာတန်းပါ စစ်စိမ်းရောင် ယူနီဖောင်း ၁ စုံ၊ အစိမ်းရောင်ပြောက်ကျား ဘောင်းဘီရှည် ၁ ထည်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။



ကျော်ကျော်ဝင်း၊ သာဇံနှင့် မောင်ပုတို့အား သက်သေခံမူးယစ်ဆေးဝါးများနှင့် တွေ့ရစဉ်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းတို့ထဲမှ ၁ ဦးသည် ၂၀၁၂ ခုနှစ်တွင် AA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့သို့ဝင်ရောက်ခဲ့ပြီး လိုင်ဇာတွင် သင်တန်းအမှတ်စဉ် ၈/၂၀၁၂ သို့ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတွင် AAA (ARAKAN ARMY ASSISTANT) တပ်ဖွဲ့ဝင်အဖြစ် တာဝန်ပေး၍ လူထုဆက်ဆံရေးပညာအား သင်ကြားခဲ့ရကြောင်း၊ AA အကြမ်းဖက်အဖွဲ့သည် တိုက်ခိုက်ရေးလုပ်ငန်း ဆောင်ရွက်ရပြီး AAA အဖွဲ့သည် ကျေးရွာများအတွင်း နေထိုင်၍ စည်းရုံးရေး၊ လူသစ်စုဆောင်းရေးနှင့် အလှူငွေကောက်ခံသည့် လုပ်ငန်းများအား လုပ်ကိုင်ရကြောင်း၊ သင်တန်းဆင်းပြီးနောက် မြေပုံမြို့နယ်၊ ကမ်းထောင်းကြီးတိုက်နယ်ရှိ ကမ်းထောင်းကြီးကျေးရွာ၊ ပေါက်တူးတောင်ကျေးရွာ၊ တပ်ရွာ၊ သရက်တောင်ကျေးရွာ၊ ကြီးတောကျေးရွာနှင့် စက်ခုံမော်ကျေးရွာတို့တွင် ယနေ့အချိန်အထိ စည်းရုံးရေးလုပ်ငန်းများပြုလုပ်ပြီး AA အကြမ်းဖက်အဖွဲ့အတွက် လစဉ်အလှူငွေများ ကောက်ခံခဲ့ကြောင်း၊ တစ်လလျှင် အလှူငွေကျပ်သိန်း ၄၀ ခန့်ရရှိပြီး ကောက်ခံရရှိသည့်ငွေများဖြင့် စားနပ်ရိက္ခာများဝယ်ယူ၍ တောထဲရှိ AA အကြမ်းဖက်အဖွဲ့များထံ ပို့ပေးခဲ့ရကြောင်း။

မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင် ရောင်းဝယ်မှုများကိုလည်း တာဝန်ပေးချက်အရ ဆောင်ရွက်ရပြီး ယခုဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မာရမကြီးကယ်ဆယ်ရေးစခန်းအနီးနေ အောင်သိန်း (စိစစ်ဆဲ)ထံမှရယူ၍ ပါဒလိတ်စက်လှေဆိပ်သို့ပို့ဆောင်ရန် ၎င်းတို့ ၃ ဦး အတူသယ်ဆောင်လာစဉ် ဖမ်းဆီးခံရကြောင်း သိရှိရသဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**



မောင်ပု အား ARAKAN ARMY ဝတ်စုံနှင့် တွေ့ရစဉ်။

# ထိုင်းနိုင်ငံ၌ သေဒဏ်ကျခံနေရသည့် ဝင်းနှင့်ဇော်တို့ ထိုင်းဘုရင်ပြစ်ဒဏ်လျှော့ပေးမှုတွင် ပါဝင်သဖြင့် တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲသတ်မှတ်ခံရ

**နေပြည်တော် ဩဂုတ် ၁၄**

ထိုင်းနိုင်ငံအစိုးရက ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာချက်အတွင်း ထိုင်းဘုရင်၏ ကြေညာချက်ပုဒ်မ ၁၅ အရ ထိုင်းနိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် သေဒဏ်ကျခံနေကြရသည့် အကျဉ်းသားများကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ် ပြောင်းလဲလျှော့ချသတ်မှတ်ပေးရာတွင် မြန်မာနိုင်ငံသား အကျဉ်းသားနှစ်ဦးဖြစ်သည့် ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့လည်း ပါဝင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများထံက သိရသည်။

အဆိုပါအမှုသည် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်၌ ထိုင်းနိုင်ငံတောင်ပိုင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း)တွင် နိုင်ငံခြားသားစုံတွဲ အသတ်ခံရသည်နှင့် ပတ်သက်၍ တရားခံအဖြစ် မြန်မာအလုပ်သမား ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အား အရေးယူခဲ့ခြင်းဖြစ်သည်။ သေဒဏ်ချမှတ်ခြင်းခံရသည့် အဆိုပါ မြန်မာအလုပ်သမားနှစ်ဦးအား ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေးလှုပ်ရှားသူများ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့် ထိုင်းရှေ့နေများကောင်စီ စသည့်အဖွဲ့အစည်းများကလည်း ပူးပေါင်း၍ အကျိုးဆောင်ပေးခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် ၎င်းတို့အား သေဒဏ်ချမှတ်ခဲ့ပြီး အဆင့်ဆင့် အယူခံတက်ခဲ့သော်လည်း နောက်ဆုံးအယူခံ ထိုင်းဗဟိုတရားရုံးက ပယ်ချသည့်အတွက် ရှုံးနိမ့်ခဲ့ရသည်။ သို့သော် ယခုအခါ လွတ်ငြိမ်းခွင့် ကြေညာချက်အရ သေဒဏ်မှ လွတ်မြောက်ခဲ့ပြီး တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကို ပြောင်းလဲကျခံရမည်ဖြစ်သည်။

"ကျွန်တော်တို့ အတွက်တော့ ဝမ်းသာစရာ သတင်းကောင်းတစ်ခုပါပဲ။ ထိုင်းနိုင်ငံမှာက ဘုရင်မင်းမြတ်ရဲ့ မွေးနေ့တို့၊ နေ့ထူးနေ့မြတ်တို့ ဆိုရင် အခုလိုပဲ ပြစ်ဒဏ်တွေကို လျှော့ပေါ့ပေးလေ့ရှိပါတယ်။ အခုလို သေဒဏ်ကနေ ကင်းလွတ်ခွင့်ရပြီဆိုရင် အမြန်ဆုံးပြန်လည်လွတ်မြောက်ဖို့အတွက်လည်း လမ်းစတစ်ခုလို့ပြောရင်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်သက်တစ်ကျွန်းကျနေသူတွေကိုလည်း တစ်ချိန်မှာ ပြန်ပြီး လျှော့ပေါ့တတ်တာလည်း ရှိတာကြောင့်ပါ။ ပူးပေါင်းကူညီပေးကြသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေးကို ဆောင်ရွက်ပေးလျက်ရှိသည့် ဦးထူးချစ်က ပြောကြားသည်။

ဝင်းနှင့်ဇော်တို့ သေဒဏ်ကျခံရပြီး အယူခံအဆင့်ဆင့်ရှုံးနိမ့်ချိန်အတွင်း ၂၀၁၉ ခုနှစ် အောက်တိုဘာလကလည်း ထိုင်းဘုရင်မင်းမြတ်ထံသို့ အသနားခံစာကို အမှုလိုက်ပါဆောင်ရွက်ပေးသူများ၏ အကူအညီဖြင့် ၎င်းတို့မိဘများက တင်သွင်းထားနိုင်ခဲ့ခြင်းသည်လည်း ယခုကဲ့သို့ ပြစ်ဒဏ်လျှော့ပေါ့မှုတွင် ပါဝင်လာစေခြင်းဖြစ်နိုင်ကြောင်း သိရှိရသည်။

"ထိုင်းဘုရင့်တော်ဝင် အမိန့်ပုဒ်မ ၁၅ အရ သေဒဏ်ကနေ လွတ်ငြိမ်းချမ်းသာခွင့် ပေးရာမှာ အခြား သေဒဏ်ကျခံနေရသူတွေနဲ့ အတူ ဇော်လင်းနဲ့ ဝင်းဇော်ထွန်းတို့လည်း ပါဝင်ခဲ့ပါတယ်"ဟု ၎င်းတို့အရေးကိစ္စကို လိုက်ပါဆောင်ရွက်ပေးနေသည့် လူ့အခွင့်အရေး အကျိုးဆောင် Andy Hall ကလည်း သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

"ထိုင်း နိုင်ငံသားတွေလည်း သေဒဏ်ကနေ လျှော့ပေါ့ခွင့်ရပါတယ်။ ကျွန်တော်တို့နိုင်ငံလိုပေါ့။ နေ့ထူးနေ့မြတ်တွေမှာ လွတ်ငြိမ်းချမ်းသာခွင့်တွေ ပေးတာမျိုးပါ။ ထိုင်းဘုရင့်မွေးနေ့အထိမ်းအမှတ်အဖြစ် လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်လို့ သိရပါတယ်။ ကိုယ့်လူမျိုးတွေ အခုလို ဖမ်းဆီးထောင်ချခံရတာ စိတ်လည်း မကောင်းဖြစ်မိတယ်။ ဒါပေမယ့် တစ်သက်တစ်ကျွန်းမှာလည်း ကောင်းမွန်အောင်နေထိုင်ပြီးရင် ထောင်ဒဏ်နှစ် လျှော့ပေါ့ပေးတာမျိုး၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတာမျိုးတွေလည်းရှိတာမို့ အမြီးလွတ်မြောက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ကိုအောင်မျိုးတင့်ကလည်း သူ့အမြင်ကို ပြောကြားသည်။

**ခင်ရတနာ**



# ကျောက်တော်မြို့နယ် စံပယ်လှကျေးရွာအနီး၌ AA အကြမ်းဖက်သောင်းကျန်းသူအမာခံတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် စံပယ်လှကျေးရွာအနီး၌ AA အကြမ်းဖက်သောင်းကျန်းသူအမာခံတစ်ဦး ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ကျောက်တော်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် သတင်းအရ စံပယ်လှကျေးရွာအနီးစောင့်ဆိုင်းနေစဉ် ဩဂုတ် ၁၁ ရက် နံနက် ၆ နာရီခန့်တွင် စံပယ်လှကျေးရွာမှ တောပန်ဇင်းကျေးရွာဘက်သို့ ကျေးရွာချင်းဆက်လမ်းအတိုင်း လမ်းလျှောက်လာသော အမျိုးသားတစ်ဦးအား မသင်္ကာ၍ ခေါ်ယူစစ်ဆေး မေးမြန်းခဲ့ကြောင်း၊ ယင်းအမျိုးသားမှာ တောပန်ဇင်းကျေးရွာနေ ဦးအေးမောင် ၅၅ နှစ်ဖြစ်ပြီး စစ်ကြောမေးမြန်းချက်များအရ ၎င်းသည် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိ အောင်ခိုင်စိုး ၃၁ နှစ်၏ တာဝန်ပေးချက်အရ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ တောပန်ဇင်းကျေးရွာရှိ တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် လေးကြိမ်ကောက်ခံကာ AA အကြမ်းဖက်သောင်းကျန်းသူများအတွက် လိုအပ်သော ရိက္ခာနှင့်ပစ္စည်းများ ဝယ်ယူ၍ ပို့ဆောင်ပေးရကြောင်း၊ အပေါက်ဝကျေးရွာအနီး တပ်မတော်စစ်ကြောင်းများနှင့် စစ်ရေယာဉ်များအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ရန်အတွက် လေးကြိမ်တိုင် မြေနေရာရွေးချယ်ပေးရသည်ဟု သိရှိရကြောင်းနှင့် ဖမ်းဆီးရမိ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံအေးမောင်အား သက်ဆိုင်ရာသို့လွှဲပြောင်း၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ်နှစ်ဂိုးစီ တူညီနေသော်လည်း အဝေးဂိုးစည်းမျဉ်းအရ လိုင်ယွန်အသင်း ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းနှင့် လိုင်ယွန်အသင်းတို့၏ ယခုနှစ် ချန်ပီယံလိဂ်တွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားများကို နှိုင်းယှဉ်ကြည့်လျှင် မန်စီးတီးအသင်းမှ ဂျီးဆပ်နှင့် စတာလင်းတို့က ခြောက်ဂိုးစီဖြင့် အများဆုံးသွင်းယူထားနိုင်ပြီး လိုင်ယွန်အသင်းက ဒီပေးတစ်ယောက်သာလျှင် ခြောက်ဂိုးသွင်းယူထားသည်။ ဂိုးဖန်တီးမှုအပိုင်းကို နှိုင်းယှဉ်ကြည့်သော် မန်စီးတီးအသင်းမှ မာရက်ဇ်က ဂိုးရရှိအောင် လေးကြိမ်ဖြင့် အများဆုံးဖန်တီးပေးထားနိုင်ပြီး လိုင်ယွန်အသင်းမှ အော်ရာက သုံးကြိမ်ဖြင့် အများဆုံးဖန်တီးပေးထားနိုင်သည်။ ဂိုးခွင့်ပြုပေးရသည့် အပိုင်းနှင့် ဂိုးရရှိမှုအပိုင်းတွင် မန်စီးတီးအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်၌ ရှစ်ပွဲကစားထားရာ ခြောက်ဂိုးသာ ပြန်လည်ခွင့်ပြုပေးခဲ့ရပြီး ရဂိုးက ဂိုး ၂၀ အထိ ရှိနေသည်။ လိုင်ယွန်အသင်းက ရှစ်ပွဲကစားပြီး ၁၀ ဂိုးခွင့်ပြုပေးခဲ့ရကာ ရဂိုးအနေဖြင့် ၁၁ ဂိုးသာ ရှိနေသည်။

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တွင် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ဩဂုတ် ၂၃ ရက်တွင် ယှဉ်ပြိုင်ကစားသွားရန် လျာထားကြောင်း သိရသည်။ **အောင်ဇော်**

# သထုံနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၃ ရက် ည ၉ နာရီခွဲတွင်သတင်းအရသထုံမြို့နယ် သုဝဏ္ဏဝတီမြို့ စားသောက်ဆိုင်၌ စောင့်ဆိုင်းနေစဉ် စိုင်းကျော်နိုင်(ခ)ကျော်ကျော် မောင်းနှင်လာသည့် Honda Fit အမျိုးအစားမော်တော်ယာဉ်ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ ငွေကျပ် ၃၉၂၇၅ သိန်းတန်ဖိုးရှိ အိုက်စ် ၂၂ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၅၀၀ ပြား၊ မြန်မာငွေကျပ် ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၃ နာရီ ၁၅ မိနစ်က တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ကားဝပ်ရှော့ရှေ့တွင် စစ်ဆေးရေး ဆောင်ရွက်နေစဉ် Fortuner အမျိုးအစားမော်တော်ယာဉ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းရာ ယာဉ်မောင်းမှာ မော်တော်ယာဉ်ပေါ်မှ ဆင်း၍ ထွက်ပြေးသွားသောကြောင့် ၎င်းမော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၉၃၇၅၀ တန်ဖိုးရှိ အိုက်စ် ၃၇၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကိုဗစ် -၁၉ ကူးစက်မှု ခြေရာခံလိုက်နေစဉ်အတွင်း အော့ကလန်မြို့တွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုအချိန်တိုးမြှင့်

အော့ကလန် ဩဂုတ် ၁၄

**နယူးဇီလန်နိုင်ငံ၏ မြို့ကြီးတစ်မြို့ ဖြစ်သည့် အော့ကလန်မြို့တွင် အသွားအလာပိတ်ဆို့ ကန့်သတ်မှုအချိန်ကို တိုးမြှင့်လိုက်ကြောင်း ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောကြားခဲ့သည်။**

ကျန်းမာရေး အာဏာပိုင်များက ကိုဗစ် -၁၉ ကူးစက်မှုနောက်ခြေရာခံလိုက်ရာတွင် အချိန်ပိုမိုရရှိရန်နှင့် တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် အချိန်တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ဩဂုတ် ၂၆ ရက်အထိ အော့ကလန်မြို့တွင် နေအိမ်၌သာနေရန် အမိန့်ထုတ်ထားမည်ဖြစ်ပြီး ကူးစက်မှုဒုတိယလှိုင်း ရိုက်ခတ်မှုမှ အကာအကွယ်ပေးနိုင်ရေး ယင်းသို့အမိန့်ထုတ်ထားခဲ့ခြင်းဖြစ်သည်။

နယူးဇီလန်တွင် အသစ်တွေ့ရှိရသည့်ကူးစက်မှုမှာ နိုင်ငံရပ်ခြားမှ ပြန်လာပြီး အသွားအလာကန့်သတ်စောင့်ကြည့်သည့် စင်တာများတွင် ထားရှိသည့်လူများနှင့် ဆက်စပ်ကာ ကူးစက်ခံရခြင်း မဟုတ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဩဂုတ် ၁၁ ရက်တွင် လူလေးဦး၌ ကိုဗစ် -၁၉ ကူးစက်ခံရသည်ဟု တွေ့ရှိရပြီး ရက်ပေါင်း ၁၀၂ ရက်ကြာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ကူးစက်မှု ပြန်လည်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

နယူးဇီလန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှု ပြန်လည်ပေါ်ပေါက်လာခြင်းမှာ ပို့ကုန်ပစ္စည်းများမှတစ်ဆင့် ကူးစက်မှုဖြစ်ကောင်းဖြစ်နိုင်သည်ဟု ခန့်မှန်းမှုများပေါ်ပေါက်နေသော်လည်း ကူးစက်မှုအရင်းအမြစ်ကို မသိရသေးဟု ဝန်ကြီးချုပ်က ဝန်ခံပြောကြားထားသည်။ တစ်တိုင်းပြည်လုံး၏ကောင်းကျိုးအတွက် အော့ကလန်မြို့မှ ဒေသခံများမှာ ဝန်ထုပ်ဝန်ပိုးထမ်းထားရပြီး ယင်းအတွက်လည်း အာဒန်က ချီးမွမ်းပြောဆိုခဲ့သည်။

**အေအက်ဖ်ပီ**



အော့ကလန်မြို့မှ ထွက်ခွာလာသည့်ကားများကို ရဲများ စစ်ဆေးနေကြစဉ်။

# ပါးစပ်နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရန် အမိန့်ထုတ်ရေး ဂျိုးဘိုင်ဒင် တောင်းဆို

**ဝါရှင်တန် ဩဂုတ် ၁၄**

လာမည့်သုံးလအတွင်း တိုင်းပြည်တစ်လွှား ပါးစပ်နှာခေါင်းစည်းကို မဖြစ်မနေဝတ်ဆင်ကြရန် အမိန့်ထုတ်ရေး အမေရိကန်ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်က တောင်းဆိုခဲ့သည်။

ဂျိုးဘိုင်ဒင်နှင့်အတူ လက်တွဲယှဉ်ပြိုင်မည့် ဆီးနိတ်တာ ကမ်မလာ ဟားရစ်နှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများ ဩဂုတ် ၁၃ ရက်က အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးမှုပြုလုပ်ပြီးနောက် ယခုလိုမှတ်ချက်ချ ပြောဆိုခဲ့ခြင်းဖြစ်သည်။ နောက်လာမည့် သုံးလအတွင်း အမေရိကန် နိုင်ငံသားတိုင်းသည် အပြင်ထွက်သည့်အခါတိုင်း ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်သင့်သည်ဟု ဘိုင်ဒင်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကျွမ်းကျင်ပညာရှင်များ၏ပြောစကားကို အလေးမထားဟုလည်း ဂျိုးဘိုင်ဒင်က ရှုတ်ချပြောဆိုခဲ့သည်။




ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်

တစ်တိုင်းပြည်လုံးအနှံ့ ပါးစပ်နှာခေါင်းစည်းမဖြစ်မနေဝတ်ဆင်ရန် အမိန့်ထုတ်ခြင်းမှာ မလိုအပ်ဟု သမ္မတထရမ့်က ပြောကြားခဲ့သည်။

ဘိုင်ဒင်၏ ချဉ်းကပ်မှုမှာ သိပ္ပံနည်းမကျဟု ထရမ့်က ပြန်လည်တုံ့ပြန်ခဲ့သည်။ အမေရိကန်နိုင်ငံသားများအနေဖြင့် လူအချင်းချင်းခပ်ခွာခွာ မနေနိုင်လျှင် ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ရန် အစိုးရက တိုက်တွန်းထားကြောင်း၊ သို့သော်လည်း အမေရိကန်နိုင်ငံသားတိုင်းလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိကြောင်း ထရမ့်က ပြောသည်။

ဂျိုးဘိုင်ဒင်အနေဖြင့် ဗိုင်းရပ်စ်ကို အသုံးချကာ နိုင်ငံရေးမကစားသင့်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် -၁၉ ကြောင့် ရပ်နားထားရသည့် အမေရိကန် - တရုတ်ကုန်သွယ်ရေးဆွေးနွေးပွဲ ပြန်လည်စတင်မည်

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်နှင့်တရုတ်နိုင်ငံတို့မှ စေ့စပ်ညှိနှိုင်းသူများသည် ယခုနှစ်အစောပိုင်းက လက်မှတ်ရေးထိုးခဲ့သည့် ကုန်သွယ်ရေးစာချုပ်အဆင့် ၁ နှင့်ပတ်သက်ပြီး ဩဂုတ် ၁၅ ရက်တွင် ဆွေးနွေးမှုပြန်လည် စတင်မည်ဟု သိရသည်။

ယင်းကုန်သွယ်ရေးစာချုပ်သည် တစ်ကမ္ဘာလုံး ကိုဗစ် -၁၉ ရိုက်ခတ်မှုမစတင်မီ ပြုလုပ်ခဲ့သည့်စာချုပ်ဖြစ်သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ဇန်နဝါရီလအတွင်းက ပြုလုပ်ခဲ့သည့်စာချုပ်သည် လပေါင်းများစွာကြာ ကုန်သွယ်ရေးစစ်ပွဲကို တစ်စိတ်တစ်ပိုင်းအားဖြင့် ပြေငြိမ်းစေသည့် စာချုပ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံတန် အမေရိကန်ကုန်ပစ္စည်းများကို နှစ်နှစ်ကြာသည်အထိ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုရမည်ဖြစ်သည်။ မော်တော်ကားမှစ၍ စက်ပစ္စည်းများလယ်ယာထွက်ကုန်ပစ္စည်းများအထိ ပါဝင်သည်။

သို့သော်လည်း နှစ်နိုင်ငံအကြားတင်းမာမှုများကြောင့် ယင်းစာချုပ်ဆက်လက်ခိုင်မာမှု ရှိ မရှိနှင့် ဒုတိယအဆင့်ဆွေးနွေးပွဲအလားအလာကောင်းမကောင်းတို့အပေါ် မေးခွန်းများ ထွက်ပေါ်လာလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူနှစ်ဦး တွေ့ရှိ

**ဗီယန်ကျင်း ဩဂုတ် ၁၄**

လာအိုနိုင်ငံတွင်ကိုဗစ် -၁၉ ကူးစက်ခံရသူနှစ်ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် နိုင်ငံအတွင်း စုစုပေါင်းကူးစက်ခံရသူ အရေအတွက် ၂၂ ဦး ရှိလာကြောင်း သိရသည်။

ကူးစက်ခံရသူနှစ်ဦးမှာ လာအိုနိုင်ငံသားများဖြစ်ပြီး ဩဂုတ် ၁၂ ရက်တွင် နိုင်ငံရပ်ခြားမှ တိုင်းပြည်သို့ပြန်လာကြသူများဖြစ်ကြောင်း လာအိုကျန်းမာရေးဒုတိယဝန်ကြီး ပတ်သွန်မြောင်ပက်က ဗီယန်ကျင်းတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့မှာ အသွားအလာစောင့်ကြည့်ရေးစင်တာတွင် စောင့်ကြည့်ခံနေရသူများဖြစ်သည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားနိုင်ငံရှိ ခယ်ဆောင်းမြို့ကို အသွားအလာ ပိတ်ဆို့ကန့်သတ်မှုမှ ဖယ်ရှားပေး

**ပြုံယမ်း ဩဂုတ် ၁၄**

တောင်ကိုရီးယား နယ်စပ်အနီးမြို့ဖြစ်သည့် ခယ်ဆောင်းမြို့တွင် သုံးပတ်ကြာ အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုကို မြောက်ကိုရီးယားက ဖယ်ရှားပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ အတွက် အသွားအလာ ကန့်သတ်စောင့်ကြည့်မှုကို ကောင်းစွာ စီမံပြီးသွားပြီဟု ပြောဆိုခဲ့သည်။ လွန်ခဲ့သည့်လအတွင်းက တောင်ကိုရီးယားဘက်သို့ ထွက်ပြေးသည့်လူတစ်ဦး ခယ်ဆောင်းမြို့သို့ ပြန်လာပြီးနောက် ကိုဗစ် -၁၉ ကူးစက်လာသည်ဟု သံသယရှိသည့်အတွက် တစ်မြို့လုံးကို အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့သော ပေါ်လစ်ဗျူရိုအစည်းအဝေးသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတက်ရောက်ခဲ့ပြီး ယခုလိုဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်ကြောင်း ဩဂုတ် ၁၄ ရက်ထုတ် အာဏာရပါတီသတင်းစာဖြစ်သည့် ရိုဒုန်ဆင်မန်သတင်းစာတွင် ဖော်ပြထားသည်။

မြို့အတွင်း ကာကွယ်ရေးလှုပ်ရှားမှုများကို ဖြည်းဖြည်းနှင့်မှန်မှန်လုပ်ဆောင်ခဲ့သည်ဟု သက်သေပြလျက်ရှိကြောင်း ခေါင်းဆောင်ကင်က ပြောသည်။

တောင်ကိုရီးယားသို့ထွက်ပြေးသူတွင် ကိုဗစ်-၁၉ ရှိမရှိ မြောက်ကိုရီးယားဘက်မှ ပြောကြားခဲ့ခြင်း မရှိပေ။

**အင်န်အိတ်ချ်ကေ**



ပြုံယမ်းမြို့တွင် ကိုဗစ် – ၁၉ ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

# ကရာကတ်မြို့တော်ဝန် ကိုဗစ် -၁၉ ကြောင့် သေဆုံး

**ကရာကတ် ဩဂုတ် ၁၄**

ဗင်နီဇွဲလားနိုင်ငံမြို့တော် ကရာကတ်၏ မြို့တော်ဝန်အသက် ၇၀ အရွယ် ဒါရီယိုဗီဗက်စ်သည် ဩဂုတ် ၁၃ ရက်က ကွယ်လွန်သွားပြီဖြစ်ကြောင်းသိရသည်။ ကိုဗစ် -၁၉ ကူးစက်ခံရပြီး သုံးပတ်ကျော်ကြာပြီးနောက် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ဒါရီယိုဗီဗက်စ်က ဇူလိုင် ၁၈ ရက်တွင် ၎င်း၌ ကိုဗစ် -၁၉ ကူးစက်ခံထားရသည်ဟု ကြေညာခဲ့ပြီး ကုသမှုခံယူခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်မှ ဥက္ကဋ္ဌ ဒီယိုဒါဒို ကာဘယ်လိုမှာလည်း ကိုဗစ် -၁၉ ကူးစက်ခံခဲ့ရပြီး ယခုအခါ ဆေးရုံမှ ဆင်းသွားပြီဖြစ်သည်။

ဗင်နီဇွဲလားတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူများထဲတွင် မြို့တော်ဝန်များ၊ အုပ်ချုပ်ရေးမှူးများနှင့် အစိုးရအရာရှိကြီးများ ပါဝင်သည်။ ဗီဗက်စ်ကို ဇန်နဝါရီလအတွင်းက မြို့တော်ဝန်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ် - ၁၉ အသစ် ထပ်မံကူးစက်မှုများသည် လူငယ်များအကြားလျင်မြန်စွာတိုးမြင့်လာခဲ့ကြောင်း ပြင်သစ်ကျန်းမာရေးအာဏာပိုင်များပြော



ပါရီရှိ ခရီးသွားများ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားပြီး သွားလာနေသည်ကို တွေ့ရစဉ်။

**ပါရီ ဩဂုတ် ၁၄**

ပြင်သစ်ကျန်းမာရေးအာဏာပိုင်များက ကိုဗစ် - ၁၉ အသစ်ထပ်မံကူးစက်မှုများသည် လူငယ်များအကြား လျင်မြန်စွာ တိုးမြင့်လာခဲ့ကြောင်းနှင့် အတည်ပြုနေ့စဉ် ကိုဗစ် - ၁၉ ကူးစက်မှုသည် အရှိန်မပျက်ဆက်လက် တိုးလာခဲ့ကြောင်း ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံ မြေပြန့်ဒေသတွင် ဩဂုတ် ၃ ရက်မှ ၉ ရက်အတွင်း ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုသည် အသက် ၁၅ နှစ်နှင့် ၄၄ နှစ်ကြား လူများတွင် လျင်မြန်စွာ ကူးစက်ပျံ့နှံ့ခဲ့ကြောင်းနှင့် တကယ့်ပြဿနာအခြေအနေတစ်ခုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးညွှန်ကြားရေးမှူးရုံးက ထုတ်ပြန်ကြေညာလိုက်သည်။

ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့သော စမ်းသပ်မှု ၂၆၆၉ ခုလုံး ကူးစက်မှုအဖြေထွက်ရှိကြောင်းနှင့် နေ့စဉ်ပုံမှန် ကူးစက်မှုတိုးလာခဲ့ကြောင်း သိရသည်။

အဆိုပါပမာဏသည် ဩဂုတ် ၁၂ ရက်က ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားခဲ့သူ ၂၅၂၄ ဦးထက် ကျော်လွန်လျက်ရှိကြောင်းနှင့် ယင်းပမာဏသည် မေလမှစကာ အမြင့်ဆုံး ကိုဗစ် - ၁၉ ကူးစက်ခံရသည့်ပမာဏဖြစ်ကြောင်း သိရသည်။

ကိုဗစ် - ၁၉ အသစ် ထပ်မံကူးစက်ခံရသူများအနက် ၅၀ မှာ ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း တာဘတ်စ်ရှိ ရဲများဖြစ်ကြောင်းနှင့် ၎င်းတို့သည် ကျွန်းစုနိုင်ငံများမှ ပြန်လာသူများဖြစ်ကြောင်း သိရသည်။

ကူးစက်ရောဂါထိန်းချုပ်မှုအပေါ် လျော့ရိလျော့ရဲ ဖြစ်လာသည်နှင့် ကိုဗစ် - ၁၉ ကူးစက်မှုနှုန်းများ တိုးလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဌာနေရုံးမှ ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ပညာရှင် ရစ်ချက်ဒ်ပီဘော်ဒီက ပြောကြားလိုက်သည်။

ကိုဗစ် - ၁၉ ကို ပေါ့ပေါ့ဆဆသဘောထားလျှင် ၎င်းကပြန်လာဦးမည်ဖြစ်ကြောင်း၊ ပြီးခဲ့သောလ ဖြစ်စဉ်များမှ သင်ခန်းစာများကိုယူသင့်ကြောင်း ၎င်းက အစိုးရကို တိုက်တွန်းပြောကြားထားသည်။

ယခုအချိန်အထိ ပြင်သစ်နိုင်ငံတွင် ကိုဗစ် - ၁၉ ကြောင့် လူပေါင်း ၃၀၄၀၀ နီးပါးသေဆုံးခဲ့ပြီး ၃၇၄ ဦးကို အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အဘူဒါဘီ၏ အိမ်ရှေ့မင်းသား မိုဟာမက် ဘင် ဇာယက် အယ်လ်နာရန်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

## အစ္စရေးနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ သမိုင်းတွင်မည့် သဘောတူညီမှု ရရှိ

**ဂျေရုဆလင် ဩဂုတ် ၁၄**

အစ္စရေးနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) တို့သည် ဆက်ဆံရေးပုံမှန်ဖြစ်စေရန် သမိုင်းတွင်မည့် သဘောတူညီမှုတစ်ခုရရှိခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

သဘောတူညီချက်ရအောင်ကူညီပေးခဲ့သော ကုလသမဂ္ဂနှင့် ၎င်း၏ ပူးတွဲကြေညာချက်နှင့်အတူ နှစ်နိုင်ငံသည် အဆိုပါသဘောတူညီချက်ကို ဩဂုတ် ၁၃ ရက်က ကြေညာခဲ့သည်။

ကုလသမဂ္ဂ၏ ကြေညာချက်တွင် အဆိုပါ သဘောတူညီချက်ကို သမိုင်းတွင်မည့် သံတမန်ရေးရာအောင်မြင်မှုအဖြစ် ဖော်ပြခဲ့သည်။

ထို့အပြင် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် လာမည့် သီတင်းပတ်များအတွင်း ရင်းနှီးမြှုပ်နှံမှု၊ လုံခြုံရေးနှင့် သံရုံးများအပြန်အလှန် တည်ထောင်ရေးနှင့် အခြားကိစ္စရပ်များကို လက်မှတ်ရေးထိုးနိုင်ရန် လာမည့် သီတင်းပတ်များအတွင်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က ယခုသဘောတူညီမှုသည် အရှေ့အလယ်ပိုင်း၌ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် စည်ပင်ဝပြောရေးတို့အတွက် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယခုအချိန်တွင် ရေခဲတုံးကြီး ကွဲသွားပြီဖြစ်ကြောင်းနှင့် မိမိအနေဖြင့် အာရပ်နှင့် မွတ်စလင်နိုင်ငံများသည် ယူအေအီး၏ ဦးဆောင်မှုနောက်သို့ လိုက်ပါလုပ်ဆောင်မည်ဟု မျှော်လင့်ရကြောင်း သမ္မတထရမ့်က ဆက်လက်ပြောကြားလိုက်သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယခုကိစ္စသည် လွန်ခဲ့သော ၂၆ နှစ်အတွင်း အစ္စရေးနှင့် အာရပ်ကမ္ဘာကြား ငြိမ်းချမ်းရေးကို ရှေးရှုသည့် အကြီးကျယ်ဆုံးတိုးတက်မှုကြီးတစ်ခုဖြစ်ကြောင်း ပြောကြားလိုက်သည်။

အိမ်ရှေ့မင်းသား မိုဟာမက် ဘင် ဇာယက် အယ်လ်နာရန်က ယခုသဘော တူညီချက်သည် အစ္စရေးအား ပါလက်စတိုင်း အချုပ်အခြာကို တိုက်ခိုက်သိမ်းယူခြင်းမှ တားဆီးရန် သဘောတူညီချက်တစ်ခုပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတထရမ့်အနေဖြင့် လာမည့်နိုဝင်ဘာသမ္မတရွေးကောက်ပွဲအတွက် ယခုကိစ္စကို ကြိုတင်သဘော မဲဆွယ်ခဲ့သလား မသိဟု နိုင်ငံရေးသုံးသပ်သူများက သုံးသပ်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၃၈၉ ဦးရှိလာ

**တိုကျို ဩဂုတ် ၁၄**

တိုကျိုမြို့တွင် ဩဂုတ် ၁၄ ရက်က ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူ ၃၈၉ ဦးရှိကြောင်း တိုကျိုအုပ်ချုပ်ရေးအာဏာပိုင်များက ပြောကြားလိုက်သည်။

တနင်္ဂနွေနေ့မှစကာ ယခုအချိန်အထိ နေ့စဉ် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၃၀၀ ကျော်လွန်လာခြင်းသည် ပထမအကြိမ်ဖြစ်ကြောင်း သိရသည်။ ယခုအခါ တိုကျိုတစ်ဝန်း ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၇၀၆၉ ဦးအထိ ရှိလာခဲ့သည်။

တစ်နေ့အတွင်း လူပေါင်း ၁၀၀ ကျော် ကူးစက်ခံရသည့် ဒေသများမှာ တိုကျိုအပြင် အိုဆာကာခရိုင်၊ ဖူကူအိုကာခရိုင်၊ ကာနာဂါဝါခရိုင်နှင့် အိုင်ချီခရိုင်တို့ဖြစ်ကြသည်။

ဂျပန်နိုင်ငံတွင် ဩဂုတ် ၁၃ ရက်က ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၁၇၅ ဦးရှိပြီး စုစုပေါင်း ကူးစက်ခံရသူ ၅၂၆၂၀ အထိ ရောက်ရှိလာကြောင်း၊ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ခုနစ်ဦးအထိ တိုးမြင့်ခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၁၀၇၃ ဦးအထိ ရောက်ရှိခဲ့သည်။

ဂျပန်နိုင်ငံကျန်းမာရေးအလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ ဂျပန်နိုင်ငံတွင် လူပေါင်း ၃၆၁၃၄ဦး ရောဂါပြန်လည်သက်သာလာခဲ့သောကြောင့် သီးသန့်ခွဲခြားနေထိုင်မှုကို ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

လူပေါင်း ၁ ဒသမ ၀၈၅ သန်းအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုပြုလုပ်ပေးခဲ့ပြီး တစ်နေ့လျှင် လူပေါင်း ၂၇၀၀၀ ကျော် တိုးမြှင့်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

အိုကီနာဝါခရိုင်၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၁၃ ရက် ၁၂ နာရီအထိ အိုကီနာဝါရှိ အမေရိကန်စစ်အခြေစိုက်စခန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သုံးဦးတိုးခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ ၃၂၃ ဦး ရှိလာခဲ့ကာ လူပေါင်း ၂၅၅ ဦးကို သီးသန့်ခွဲခြားနေထိုင်မှုမှ ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် နှာခေါင်းစည်း တပ်ဆင်၍ သွားလာနေသည်ကိုတွေ့ရစဉ်။

## ကမ္ဘာပေါ်တွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၇၅၀၀၀၀ ကျော်လာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ဖော်ပြ

**ဝါရှင်တန် ဩဂုတ် ၁၄**

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၅၉၈၄၄ ဦး ကျော်အထိ ရောက်ရှိလာကြောင်း အမေရိကန်ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဩဂုတ် ၁၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ထုတ်ပြန်ကြေညာချက်အရ ဩဂုတ် ၁၄ ရက်အထိ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၇၅၉၈၄၄ ဦးအထိ ရောက်ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ သူပေါင်း ၂၀၉၃၆၀၄၁ ဦးအထိ ရောက်လာကြောင်း သိရသည်။

ထို့အပြင် ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ကြေညာချက်တွင် ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါအဆိုးဆုံးဖြစ်ပွားသည့်နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ကူးစက်ခံရသူပေါင်း ၅၂၅၄၁၇၁ ဦးအထိရှိကာ သေဆုံးသူ ၁၆၇၂၄၂ ဦးအထိ ရှိကြောင်း သိရသည်။

ကိုဗစ် - ၁၉ ကြောင့် သေဆုံးမှုများပြားလာသည့် အခြားနိုင်ငံများမှာ ဘရာဇီး၊ မက္ကဆီကို၊ အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ထုတ်ပြန်ကြေညာသည့် စာရင်းများသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ စာရင်းများကို စုပေါင်းထုတ်ပြန်ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ်- ၁၉ ကာကွယ်ဆေးထုတ်တဲ့နေရာမှာ ဝိုင်းဝန်းပုံအောဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တောင်းဆိုလိုက်ပြီ

ထွန်းသစ်စ

**ကိုဗစ်- ၁၉ ကာကွယ်ဆေးနဲ့ ကာကွယ်ကုသမှုတွေကို ရှာဖွေရာမှာ အမေရိကန်ဒေါ်လာ ဘီလီယံချီပြီး ရင်းနှီးမြှုပ်နှံကြဖို့ ကမ္ဘာ့နိုင်ငံများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းပြောကြားလိုက်ပါတယ်။ ကိုဗစ် -၁၉ အကျပ်အတည်းကြောင့် စီးပွားရေးပျက်စီးဆုံးရှုံးမှု အကြီးအကျယ်ဖြစ်နေတာနဲ့စာရင် အခုလို ရင်းနှီးမြှုပ်နှံမှုပြုတာဟာ မပြောပလောက်ဘူးလို့လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်ပါတယ်။**



## ဟန်ကျတဲ့လောင်းကြေးတစ်ခု

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့ကပ်ရောဂါရဲ့ အကျိုးဆက်တွေကို ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ အမေရိကန်ဒေါ်လာ ထရီလီယံချီပြီး ကုန်ကျနေတာထက်စာရင် အခုလို ကာကွယ်ဆေးထုတ်တဲ့နေရာမှာ ပုံအောလိုက်တာက ဟန်ကျတဲ့ လောင်းကြေးတစ်ခုပါပဲလို့ ပြောကြားလိုက်ပါတယ်။

ကုလသမဂ္ဂအေဂျင်စီတစ်ခုရဲ့ အကြီးအကဲဖြစ်တဲ့ တက်ဒရော့စ်အက်ဒါနွမ်ဂီဘာရီယက်စ်ဆုစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်နေတဲ့ ACT- Accelerator programe မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ တောင်းဆိုထားပါတယ်။ အဲဒီအစီအစဉ်က ကိုဗစ်-၁၉ ကို တိုက်ဖျက်ဖို့ ကမ္ဘာ့သုတေသနပြုလုပ်ဆောင်ရွက်ချက်တွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ ထုတ်လုပ်မှုတွေနဲ့ ဝယ်ယူတာတွေကို မျှဝေသွားမှာ ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ ခန့်မှန်းချက်အရ ကိုဗစ်- ၁၉ ကြောင့် နှစ်နှစ်ကျော်အတွင်းမှာ အမေရိကန်ဒေါ်လာ ၁၂ ထရီလီယံလောက် ကုန်ဆုံးသွားတယ်ဆိုတဲ့ ဖော်ပြချက်ကို ကိုးကားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ကမ္ဘာ့နိုင်ငံတွေကို ကိုဗစ် -၁၉ နဲ့ ပတ်သက်ပြီး အဖြေစုပေါင်းထုတ်တဲ့နေရာမှာ ပိုက်ဆံတွေကို သုံးစွဲဖို့လည်း တိုက်တွန်းထားပါတယ်။

## ရင်းနှီးမြှုပ်နှံနိုင်တဲ့အကောင်းဆုံးအရာ

ဒါဟာကမ္ဘာကြီးတစ်ခုလုံး ရင်းနှီးမြှုပ်နှံနိုင်တဲ့ အကောင်းဆုံး စီးပွားရေးလှုံ့ဆော်မှုပေးတဲ့အရာ တစ်ခုဖြစ်ကြောင်း တက်ဒရော့စ်က ပြောကြားလိုက်ပါတယ်။

ACT- Accelerator အစီအစဉ်ထဲကို ရန်ပုံငွေစိုက်ထည့်ဖို့ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃ ဘီလီယံ လိုအပ်နေပါတယ်။ ထို့အပြင် သူက စွန့်စားမှုတွေကိုမျှဝေပြီး ရလဒ်တွေကို အတူခံစားတာက တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်ရတာထက်စာရင် ပိုကောင်းပါတယ်လို့ သူကပြောပါတယ်။

တစ်ဦးတစ်ယောက်ချင်း စွန့်စားရတာ ပိုမို အကုန်အကျများပြီး အန္တရာယ်ရှိတဲ့ လောင်းကစားတစ်ခုဖြစ်ကြောင်း သူက ဆက်ပြောပါတယ်။

ကာကွယ်ဆေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရတာကြာပြီး ရှုပ်ထွေးကာ အန္တရာယ်လည်းများသလို အကုန်အကျလည်းများပြီး ကာကွယ်ဆေးအများစု အစောပိုင်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ ကျဆုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

## အကောင်းဆုံးတစ်ခုကို ရွေးဖို့လို

ကာကွယ်ဆေးအမျိုးမျိုး ဖော်စပ်နေတဲ့သူတွေ အနေနဲ့ အမျိုးမျိုးသော ကာကွယ်ဆေးပုံစံများကို ထုတ်လုပ်လျက်ရှိရာ သူတို့ထဲက အကောင်းဆုံးတစ်ခုကို ရွေးဖို့လိုကြောင်း တက်ဒရော့စ်က ပြောကြားလိုက်ပါတယ်။

ရုရှားနိုင်ငံက ဩဂုတ် ၁၁ ရက်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးကို အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ သို့သော်လည်း နောက်ဆုံးအဆင့် စမ်းသပ်မှုမှာ လူပေါင်း ၂၀၀၀ ကျော် ပါဝင်စမ်းသပ်ဖို့ လိုအပ်နေပြီး အဆိုပါ စမ်းသပ်မှုကို ဩဂုတ် ၁၂ ရက်တွင် စတင်လုပ်ဆောင်ခဲ့ကြောင်း သိရပါတယ်။

ACT- Accelerator အစီအစဉ်ကို ဦးဆောင်နေသူ ဘရုစ်အာရယ်ဝက်ဒ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို မော်စကိုရဲ့ နောက်ထပ်အသေးစိတ်အချက်အလက်တွေကို ထပ်မံစောင့်ဆိုင်းဖို့ လိုသေးတယ်လို့ ပြောပါတယ်။

## ရုရှားနဲ့ ဆွေးနွေးမှုတွေလုပ်ဆောင်

မိမိတို့ဟာ လတ်တလောမှာ နောက်ထပ် သတင်းအချက်အလက်တွေရဖို့ ရုရှားနဲ့ ဆွေးနွေးမှုတွေ လုပ်ဆောင်နေကြောင်း၊ ထုတ်လုပ်ခြင်းနဲ့ စမ်းသပ်ခြင်းစတဲ့ အဆင့်တွေကိုနားလည်ကြောင်းနဲ့ နောက်ထပ်အဆင့်တွေကို စိတ်ဝင်စားမိကြောင်းလည်း ဘရုစ်အာရယ်ဝက်ဒ်က ပြောပါတယ်။

ကာကွယ်ဆေးပေါင်း ၁၆၈ မျိုးကို ကမ္ဘာတစ်ဝန်း လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါကာကွယ်ဆေးများထဲတွင် ကာကွယ်ဆေး ၂၈ မျိုးကို လူသားများတွင် စတင်စမ်းသပ်လျက်ရှိကြောင်း၊ အဲဒီ ၂၈ မျိုးထဲက ကိုးမျိုးဟာ ACT- Accelerator အစီအစဉ်ပဲဖြစ်ကြောင်း၊ အဆိုပါ ကိုးမျိုးတွင် ရုရှားကာကွယ်ဆေး မပါဝင်ကြောင်း ဘရုစ်အာရယ်ဝက်ဒ်က ဆက်လက်ပြောကြားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဆေးဘက်ဆိုင်ရာဆန်းစစ်အကဲဖြတ်သူ အကြီးအကဲ မာရီယမ်ဂီလာဆီမိုက ကာကွယ်ဆေးဖော်စပ်ဖို့ အဖွဲ့တွေအတော်များများ ကြိုးစားလျက်ရှိပြီး ဘယ်သူကရှေ့မှာ ပြေးနေသလဲ၊ ဘယ်တစ်ခုက တကယ်ထိရောက်မလဲဆိုတာကို မသိနိုင်သေးဘူးလို့ ပြောပါတယ်။

## ကမ္ဘာ့အဆင့်ဆက်သွယ်ဆောင်ရွက်

မိမိတို့အနေနဲ့ ကမ္ဘာ့အဆင့်နဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ နိုင်ငံတွေကို အားပေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့အဆင့် ဆက်သွယ်ဆောင်ရွက်မယ်ဆိုရင် ပိုကောင်းတဲ့ နည်းလမ်းတွေကို မျှဝေသိရှိနိုင်လို့ပဲဖြစ်ပါတယ်လို့ သူက ပြောပါတယ်။

ဥရောပသမဂ္ဂက အမေရိကန်ဆေးကုမ္ပဏီဖြစ်တဲ့ ဂျွန်ဆင်အင်န်ဂျွန်ဆင်က ထုတ်လုပ်တဲ့ ကိုဗစ် - ၁၉ ကာကွယ်ဆေး သန်း ၄၀၀ ကို ကြိုတင်မှာထားတယ်လို့ ဩဂုတ် ၁၃ ရက်က ပြောပါတယ်။

ဇူလိုင် ၃၁ ရက်ကလည်း ဥရောပကော်မရှင်က နောက်ထပ် ပြင်သစ်ကုမ္ပဏီဖြစ်တဲ့ ဆနိုဖီက ထုတ်လုပ်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၃၀၀ ကိုလည်း ကြိုတင်မှာထားခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားလာသော ကိုဗစ် -၁၉ ရောဂါကြောင့် ကမ္ဘာပေါ်မှာ လူပေါင်း ၇၅၀၀၀၀ ကျော်သေဆုံးခဲ့ပြီး ၂၁ သန်းနီးပါး ကူးစက်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။

## မုန်တိုင်းရဲ့အလယ်ကိုရောက်နေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်အခြေအနေဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ကယ်ရန်က ကမ္ဘာ့လူဦးရေ အနည်းဆုံးပမာဏသာ ကိုဗစ် -၁၉ ကူးစက်ခံထားရသေးတယ်လို့ သတိပေး ပြောကြားလိုက်ပါတယ်။ တကယ်လို့ ကျွန်တော်တို့က သူ့ကို ခွင့်ပြုလိုက်မယ်ဆိုရင် သူက အချိန်ကြာကြာ လောင်ကျွမ်းနေလိမ့်မယ်လို့ ပြောပါတယ်။ ကျန်ရှိနေတဲ့ အများစုလည်း ဗိုင်းရပ်စ်ကူးစက်နိုင်တယ်လို့ သူက သတိပေးထားပါတယ်။ မိမိတို့ဟာ မုန်တိုင်းရဲ့ အလယ်ကိုရောက်နေတယ်လို့ သူကဆက်ပြောပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကိုဗစ်- ၁၉ နည်းပညာပိုင်းဆိုင်ရာ ခေါင်းဆောင်ဖြစ်သူ မာရီယာဗန်ကာခေ့ဗ်က တချို့နိုင်ငံတွေက တစ်ဦးတည်းနေလည်း ကိုဗစ်-၁၉ ကူးစက်နိုင်တယ်လို့ ပြောကြားထားပါတယ်။ သို့သော်လည်း အတည်မပြုနိုင်သေးဘူးလို့ ဆိုပါတယ်။

ကိုဗစ် -၁၉ ကို ကမ္ဘာကြီးတစ်ခုလုံး စုပေါင်းတွန်းလှန်မှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်တည်း၊ တစ်နိုင်ငံတည်းဖြေရှင်းတာထက်စာရင် အားလုံးစုပေါင်းဖြေရှင်းခြင်းဟာ အချိန်ကုန်လည်းသက်သာသလို ထိထိရောက်ရောက်လည်း ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

**“ကိုဗစ် -၁၉ ကို ကမ္ဘာကြီးတစ်ခုလုံး စုပေါင်းတွန်းလှန်မှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်တည်း၊ တစ်နိုင်ငံတည်း ဖြေရှင်းတာထက်စာရင် အားလုံးစုပေါင်းဖြေရှင်းခြင်းဟာ အချိန်ကုန်လည်းသက်သာသလို ထိထိရောက်ရောက်လည်း ဖြေရှင်းနိုင်မှာဖြစ်”**

---

## နိုင်ငံတကာသတင်းတိုထွာ

### ဗြိတိန်နိုင်ငံရှိ အစားအသောက်ထုတ်လုပ်သည့်စက်ရုံတစ်ရုံတွင် ဝန်ထမ်းပေါင်း ၃၀၀ ကိုဗစ်-၁၉ ကူးစက်ခံရ

လန်ဒန် ဩဂုတ် ၁၄

ဗြိတိန်နိုင်ငံ ဘရက်ကလေမြို့ကျန်းမာရေးဆိုင်ရာ အရာရှိ၏ အတည်ပြုချက်အရ ၎င်းမြို့ရှိ အစားအသောက်ထုတ်လုပ်သည့် စက်ရုံတစ်ခုတွင် ဝန်ထမ်းပေါင်း ၃၀၀ ခန့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း ဗြိတိန်နိုင်ငံသတင်းမီဒီယာက ဩဂုတ် ၁၃ ရက်တွင် ဖော်ပြလိုက်သည်။

အစားအသောက်ထုတ်လုပ်သည့် စက်ရုံကိုပိုင်ဆိုင်သည့် ဂရင်းကိုးလ်ကုမ္ပဏီက ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည်ကို အတည်ပြုကြောင်း၊ လက်ရှိအချိန်တွင် ၎င်းဝန်ထမ်းများကို နေအိမ်တွင် သီးသန့်ခွဲခြားနေထိုင်စေကြောင်း ထုတ်ပြန်ဖော်ပြထားသည်။ ဂရင်းကိုးလ်ကုမ္ပဏီက လက်ရှိအချိန်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ပြီး လက်ရှိအခြေအနေတွင် ကုမ္ပဏီအတွင်းရှိ နေရာအားလုံး၌ လူတစ်ဦးနှင့်တစ်ဦးကြား လုံခြုံသည့်အကွာအဝေးတွင် နေထိုင်စေကာ ကိုယ်အပူချိန်တိုင်းခြင်းနှင့် ပိုးသတ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း ထုတ်ပြန်ကြေညာထားသည်။ ဗြိတိန်နိုင်ငံရှိ အချို့မြို့များတွင် ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာသဖြင့် တင်းကျပ်သည့် ရောဂါကာကွယ်ထိန်းချုပ်ရေးကန့်သတ်ချက်များကို ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

### ကိုဗစ် - ၁၉ ကြောင့် ဆေးရုံများ ဝန်ထုပ်ဝန်ပိုးတိုးလာကြောင်း ကျွမ်းကျင်ပညာရှင်များသတိပေး

တိုကျို ဩဂုတ် ၁၄

တိုကျိုရှိ ဆေးရုံများတွင် ကိုဗစ် – ၁၉ ကြောင့် ဝန်ထုပ်ဝန်ပိုးများတိုးလာကြောင်း ကျွမ်းကျင်သူများက သတိပေးလိုက်သည်။ တိုကျိုမြို့အုပ်ချုပ်ရေးအဖွဲ့သည် လွန်ခဲ့သည့် သီတင်းပတ်အတွင်း ကူးစက်မှုအနေအထားများကို လေ့လာသုံးသပ်ရန် အရာရှိများ၊ ကျွမ်းကျင်ပညာရှင်များနှင့် အစည်းအဝေးတစ်ရပ်ကို ဩဂုတ် ၁၃ ရက်က ပြုလုပ်သည်။

တိုကျိုတွင် ကူးစက်မှုသတိပေးချက်အဆင့်ကို သီတင်းပတ်ငါးပတ်ဆက်တိုက် အဆင့် (၄) အဖြစ် သတ်မှတ်ထားရန် အစည်းအဝေးတက်ရောက်လာသူများက သဘောတူခဲ့ကြသည်။ အဆင့် (၄) သည် အမြင့်ဆုံးအဆင့်ဖြစ်ပြီး တိုကျိုတွင် ကူးစက်မှုများ တိုးလာနေသည်ကို ဖော်ပြသည်။

တိုကျို၏ နေရာဒေသအားလုံးတွင် အသက်အရွယ်မရွေးကူးစက်မှုများ ပျံ့နှံ့နေကြောင်း ကျွမ်းကျင်သူများက ပြောသည်။ ထို့အပြင် ဆေးရုံတက်ရောက်သူအရေအတွက် တိုးလာနေသောကြောင့် ဆေးကုသရေးဌာနများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာကြောင်း ကျွမ်းကျင်သူများက ပြောသည်။

အင်န်အိတ်ချ်ကေ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**
**၈၅ ရက်သာ**
**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ညောင်လေးပင်မြို့နယ်၌ အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်များပေးအပ်

ညောင်လေးပင် ဩဂုတ် ၁၄

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ဝေသော မြန်မာသတင်းမီဒီယာသမားများအတွက် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်များ ထပ်ဆင့်ပေးအပ်ခြင်းကို ဩဂုတ် ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဝင် မြို့နယ်သတင်းထောက် ဦးနေလင်း(နေလင်း-ညောင်လေးပင်)က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပေးပို့လှူဒါန်းသော မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ် ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ သတင်းမီဒီယာသမားများနှင့် ပြန်/ဆက်ဦးစီးဌာန အတွက် စာအုပ်များကိုပေးအပ်ရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နီနီဝင်းနှင့် သတင်းမီဒီယာသမားများဖြစ်ကြသော ပြည့်စုံကျော်(ညောင်လေးပင်) နှင့် ကိုမျိုး (ညောင်လေးပင်)တို့က လက်ခံယူသည်။



အဆိုပါစာအုပ်များအား ညောင်လေးပင်မြို့နယ်အတွင်းရှိ သတင်းမီဒီယာသမားများအား မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .**

# ဈေးကွက်ကို မိမိကိုယ်တိုင် ဖန်တီးရန် လိုအပ်



ငါးပုစွန်မွေးမြူရေးနှင့် ပတ်သက်၍ ယခု ကိုဗစ်ကာလတွင် ထိခိုက်မှုနည်းပါးစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စဉ်းစားရမည် ဖြစ်ပါကြောင်း၊ ဈေးကွက်ကို မိမိကိုယ်တိုင် ဖန်တီးရန် လိုအပ်ပါကြောင်း၊ ဈေးကွက်ရှာခြင်းနှင့် ဈေးကွက် ဖန်တီးခြင်းသည် မတူညီပါကြောင်း၊ ဈေးကွက်ရှာခြင်းသည် ရှိပြီးသားဈေးကွက်ကို လိုက်ရှာခြင်းဖြစ်ပါကြောင်း၊ ဈေးကွက်ဖန်တီးခြင်း၊ ဈေးကွက်ထွင်ခြင်းသည် မိမိတို့ ထုတ်လုပ်နိုင်သည့် ပစ္စည်းများကို အခြားသူများ ဝယ်ချင်အောင် လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နှစ်ခုစလုံးသည် အရေးကြီးပါကြောင်း။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

❍ ကျောဖုံးမှ

နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။ ဩဂုတ် ၂၉ ရက်တွင်လည်း အိန္ဒိယနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းများ လာရောက်လှူဒါန်း

**လွိုင်ကော် ဩဂုတ် ၁၄**

Save the Children အဖွဲ့မှ ဩဂုတ် ၁၂ ရက်က လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၃၀ သို့ ကိုဗစ်- ၁၉ ကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို လှူဒါန်းရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာနနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးတို့က လက်ခံပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ယာပုံ)

လှူဒါန်းမှုအနေဖြင့် ၃၀၀ လီတာဆံ့ ရေလှောင်ကန် ၂၂၀၊ ၁၀၀၀ လီတာဆံ့ ရေလှောင်ကန် ၂၄ ကန်၊ လက်ဆေးစင် ၁၉၆ ခု၊ ဘေစင် ၃၉၂ ခု၊ ဆပ်ပြာခဲ ၉၅၀၀၊ ဆပ်ပြာခွက် ၅၂၀၊ ရေဆွဲပုံး ၅၇၀၊ ရေခွက် ၅၃၀ နှင့် ပိုက်ဆက်စပ်ပစ္စည်းများကို လှူဒါန်းသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်၊ တားဆီးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပြီး စေတနာရှင်၊ အလှူရှင်များနှင့် အဖွဲ့အစည်းများမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများကိုလည်း ပြည်နယ်အတွင်း လိုအပ်သည့်နေရာများသို့ အချိန်မီ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စိုးလှိုင်ဌေး(ပြန်/ဆက်)



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကိုဗစ်- ၁၉ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို လက်ခံစဉ်။

## တောင်ကြီးမြို့၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် ထောက်ပံ့ပေးအပ်

**တောင်ကြီး ဩဂုတ် ၁၄**

တောင်ကြီးမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Dagon win win Co,Ltd မှ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမား ဦးရန်နောင်စိုး၏ ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ကာလအတွင်း ယာယီအလုပ်ရပ်နားခဲ့ရသော အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံး၏ ပြည်နယ်တာဝန်ခံအရာရှိ ဒေါ်တင်တင်အောင်၊ မြို့နယ်တာဝန်ခံအရာရှိ ဒေါ်ရတနာခင်၊ တာဝန်ခံဆရာဝန် ဒေါက်တာအောင်ကျော်မြင့်နှင့် မိတ်ဖက်ဌာနများမှ အရာထမ်းများက အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမား ဦးရန်နောင်စိုး၏ ဇနီးဖြစ်သူအား ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၄၃၂၀၀၀၀ နှင့် အလုပ်ဌာန ၁၆ ဌာနရှိ အာမခံအလုပ်သမား ၉၂၃ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ငွေကျပ် ၂၈၈၇၉၀၀၀ တို့ကို ပေးအပ်ခဲ့သည်။

တောင်ကြီးမြို့ မြို့နယ်လူမှုဖူလုံရေးရုံးအနေဖြင့် ယခုအချိန်အထိ စုစုပေါင်း အလုပ်ဌာန ၈၄ ဌာနရှိ အာမခံအလုပ်သမား ၂၀၅၀ အတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ငွေကျပ် ၆၃၁၆၂၀၀၀ ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သီတာဦး (တောင်ကြီးကိုယ်ပွား)

## ကိုဗစ်-၁၉ ကာလအတွင်း သမဝါယမအသင်းများချိတ်ဆက်၍ အာလူးများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့မှ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း သီးနှံစိုက်ပျိုးသော အသင်းသား တောင်သူများ၊ ဝင်ငွေရရှိရေးနှင့် အသင်းဝင်များ သက်သာချောင်ချိရေးကိုရည်ရွယ်၍ ယနေ့နံနက် ၆နာရီခွဲမှစ၍ အာလူးများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ လိုက်လံဖြန့်ဖြူးရောင်းချပေးခဲ့သည်။

အဆိုပါ အာလူးများကို ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ အောင်ပန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်များမှ အာလူး ပိဿာ ၃၈၁၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့်ဝယ်ယူ၍ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် တစ်မြို့နယ်လျှင် ပိဿာ ၃၃၀ နှုန်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဝမ်းတွင်းမြို့နယ်၊ မြစ်သား၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး ငါးမြို့နယ်တွင် တစ်မြို့နယ်လျှင် ပိဿာ ၃၆၀ နှုန်းဖြင့် စုစုပေါင်း ၁၁ မြို့နယ်တွင် အာလူး ပိဿာ ၃၈၁၀ ကို အသေးတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ တို့ဖြင့် အသင်းသားပြည်သူများ လက်ဝယ်အရောက် သက်သာသောဈေးနှုန်းဖြင့် သမဝါယမကဏ္ဍအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ IDP စခန်းများရှိ ပြည်သူများနှင့် ဘိုးဘွားများ၊ မသန်စွမ်းများအား ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ပံ့ပိုးကူညီမှုများဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ IDP စခန်းများရှိ ပြည်သူများနှင့် ဘိုးဘွားများ၊ မသန်စွမ်းများအား ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်အရ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးသည်။ (ယာပုံ)

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ IDP စခန်းများတွင် နေထိုင်သူများအတွက် မိသားစုပညာရေး၊ ကျန်းမာရေးကိစ္စများအပါအဝင် စားသောက်ကုန်များ ဝယ်ယူသုံးစွဲနိုင်ရန် အိမ်ထောင်စုအလိုက် ငွေကြေးထောက်ပံ့မှုပြုခြင်း၊ ပုံမှန်လူမှုရေး ပင်စင်ရရှိမှုတွင် မပါဝင်သေးသော သက်ကြီးဘိုးဘွားများအတွက် အထူးတစ်ကြိမ်ထောက်ပံ့ခြင်းနှင့် ယခင်အကြိမ် ထောက်ပံ့မှုတွင် မပါဝင်သေးသော မသန်စွမ်းများအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ယခုလို ထောက်ပံ့မှုများသည် ရေတိုအတွက်ဖြစ်သော်လည်း ထောက်ပံ့ငွေများကြောင့် ဒေသတွင်း ငွေကြေးစီးဆင်းမှု ပိုမိုများပြားလာပြီး တစ်ဆက်တည်းမှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေပါကြောင်း၊ ရေရှည်အနေဖြင့် မိမိတို့ ဝန်ကြီးဌာနသည် အခြားဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် အစိုးရက ထာဝရငြိမ်းချမ်းရေးရရှိရေး ရည်ရွယ်ချက်ဖြင့် ကျင်းပဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံက ဆွေးနွေးရရှိလာသည့် ဘုံသဘောတူညီချက်များထဲမှ လူမှုရေးကဏ္ဍဆိုင်ရာ သဘောတူညီချက် (၁၁)ချက်ကို ၂၀၁၇ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ဆောင်ရွက်မှုတိုင်းတွင် လူမှုသဟဇာတသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ထောက်ပံ့မှုများသည် ပြည်သူ့ဘဏ္ဍာငွေများကို ပြည်သူများလိုအပ်သည့်အချိန်တွင် ပြည်သူများထံသို့ ပြန်လည်ရောက်ရှိအောင် ပြည်သူ့အစိုးရက ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အကျိုးခံစားခွင့်ရှိသူများထံ အလေအလွင့်မရှိဘဲ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးကြသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အပါအဝင် ဌာနဆိုင်ရာများ၊ ပူးပေါင်းကူညီ ဆောင်ရွက်ကြသည့် ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ရှမ်းပြည်နယ် မြောက်ပိုင်း IDP စခန်းများတွင် နေထိုင်ကြရသော အိမ်ထောင်စု ၁၄၂၃ စုအတွက် ထောက်ပံ့ငွေကျပ် ၅၆ ဒသမ ၉၂ သန်း၊ ဘိုးဘွား ၄၉၆ ဦးအတွက် ငွေကျပ် ၁၄ ဒသမ ၈၈ သန်း၊ လားရှိုးခရိုင်အတွင်းရှိ မသန်စွမ်းသူ စုစုပေါင်း ၂၅၁၄ ဦးအတွက် ငွေကျပ် ၇၅ ဒသမ ၄၂ သန်း တို့ကို တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ် ထောက်ပံ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်ဆရာတော် လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပုညနန္ဒကို သွားရောက်ကြည်ညိုဖူးမြော်ပြီး ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၄ ဦးရှိပြီ

နေပြည်တော် ဩဂုတ် ၁၄

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၄ ဦး ရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူငါးဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး၊ ယူအေအီးနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ သုံးဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၇၄ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၂၂ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၁၄ ဦးနှင့် ဩဂုတ် ၁၃ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၀ ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၂၀၀၇ | ၃၇၄ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၂၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၀၂၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၁၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၈၆ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၇၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၄-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

### ၁၄-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၄၁၈၀၄၅ | ၂၈၄၄၂၅၀ | ၁၇၀၄၄၆ |
| ၂။ | ဘရာဇီး | ၃၂၂၉၆၂၁ | ၂၃၅၆၆၄၀ | ၁၀၅၅၆၄ |
| ၃။ | အိန္ဒိယ | ၂၄၈၃၅၆၇ | ၁၇၇၀၆၈၂ | ၄၈၃၆၇ |
| ၄။ | ရုရှား | ၉၁၂၈၂၃ | ၇၂၂၉၆၄ | ၁၅၄၉၈ |
| ၅။ | တောင်အာဖရိက | ၅၇၂၈၆၅ | ၄၃၇၆၁၇ | ၁၁၂၇၀ |
| ၆။ | ပီရူး | ၅၀၇၉၉၆ | ၃၄၈၀၀၆ | ၂၅၆၄၈ |
| ၇။ | မက္ကဆီကို | ၅၀၅၇၅၁ | ၃၄၁၅၀၇ | ၅၅၂၉၃ |
| ၈။ | ကိုလံဘီယာ | ၄၃၃၈၀၅ | ၂၅၀၄၉၄ | ၁၄၁၄၅ |
| ၉။ | ချီလီ | ၃၈၀၀၃၄ | ၃၅၃၁၃၁ | ၁၀၂၉၉ |
| ၁၀။ | စပိန် | ၃၅၅၈၅၆ | စိစစ်ဆဲ | ၂၈၆၀၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၄– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၅၃၆၆၀ | ၇၁၄၀၅ | ၂၄၄၂ |
| အင်ဒိုနီးရှား | ၁၃၅၁၂၃ | ၈၉၆၁၈ | ၆၀၂၁ |
| စင်ကာပူ | ၅၅၅၈၀ | ၅၀၇၃၆ | ၂၇ |
| မလေးရှား | ၉၁၄၉ | ၈၈၂၈ | ၁၂၅ |
| ထိုင်း | ၃၃၇၆ | ၃၁၇၃ | ၅၈ |
| ဗီယက်နမ် | ၉၂၉ | ၄၃၇ | ၂၁ |
| မြန်မာ | ၃၇၄ | ၃၂၂ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၂၅ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၂ | ၁၉ | ၀ |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄–၈–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၃–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် – အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲ နမူနာ (၄၉၆) ခုအား ညပိုင်းတွင် ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၁၃–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

– အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၁၂၂) ခု၊
– ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၉၆) ခု၊
– ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၇၇) ခု၊
– ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
– စုစုပေါင်း (၁,၈၅၁) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈)ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၈) ဦး တွေ့ရှိကြောင်း ကို (၁၃–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၁၄–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၆၉) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၄–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၃–၈–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၄၉၆) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၄–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

– အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၇၂၀)ခု၊
– ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၅) ခု၊
– ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၇၄) ခုနှင့်
– ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
– ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၃) ခု၊
– စုစုပေါင်း (၁,၄၆၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦးတွေ့ရှိရပါသည်။

၂။ (၁၄–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၇၄) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁) ဦး (Case– 353) ရှိသဖြင့် စုစုပေါင်း (၃၂၂) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၁၄) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁၃–၈–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၄–၈–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၀) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၄–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၄-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၂၀) ခု |
| (၁၄-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၅) ခု |
| (၁၄-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၄) ခု |
| (၁၄-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၁၄-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၅) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၄–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၅) ဦး | (၃၇၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၃၂၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၄–၈–၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID–19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 370 | ၇၂ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အမေရိကန်နိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 371 | ၂၈ နှစ် | ကျား | မော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီးနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 372 | ၃၈ နှစ် | ကျား | သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (အိန္ဒိယနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 373 | ၄၁ နှစ် | ကျား | မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | မရှိ | ရှိ (အိန္ဒိယနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 374 | ၃၆ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |

# ကချင်ပြည်နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**မြစ်ကြီးနား ဩဂုတ် ၁၄**

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ကချင်ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဒေါ်လာ တစ်သိန်းခွဲခန့် တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းကိရိယာများကို ယနေ့ နံနက် ၁၀ နာရီတွင် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းပွဲတွင် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ကိုယ်စား ဦးညွန့်ဝင်းဌေးက ကိုဗစ်– ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲခန့်တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံနှင့် ပစ္စည်းကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ရာ ပြည်နယ်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင့်နိုင်နှင့် ဆေးရုံအုပ် ဒေါက်တာတင်လှတို့က လက်ခံရယူကြသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို ကချင်ပြည်နယ်အတွင်း ကျန်းမာရေးဝန်ထမ်းများ၊ နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးစင်တာများနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးအပ် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ယော်ဆောင် (ပြန်/ဆက်)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဩဂုတ် ၅ ရက်မှ ၁၀ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၉ | Through The Eagle Eyes | PATRICK YAY | လွင်ဦး | ၁၅၀၀၀ |
| ၃၀ | သိကောင်းစရာ တံဆိပ်ခေါင်း ဝါသနာ | ကျော်မြင့်မောင် | ရွှေထိပ်တန်းစာပေ | ၃၀၀၀ |
| ၃၁ | ကိုယ့်အဆင့်ကိုယ်သိ | မိုးထက်တိမ်( သဟာယ ) | ကောင်းထွဋ်စာပေ | ၂၅၀၀ |
| ၃၂ | ကမ္ဘာ့ဒိုင်ယာရီနှင့် မြန်မာ့ဒိုင်ယာရီမှတ်တမ်း | လှသမိန် | စိတ်ကူးချိုချို | ၃၅၀၀ |
| ၃၃ | လွမ်းနေရတုန်းပါလား တက္ကသိုလ်ရယ် | ကိုရွှေသိမ်းမင်း | ပန်းရွှေပြည် | ၃၀၀၀ |
| ၃၄ | ပညာပွင့်ဝေဝေစံပြစာစီစာကုံးများနှင့် အဆိုရေးသားဖြေဆိုနည်း | အငြိမ်းစားပါမောက္ခကြီးများနှင့် Top Ten ဝင်ဂုဏ်ထူးရှင်များ | အောင်သပြေစာပေ | ၃၀၀၀ |
| ၃၅ | အိုက်ဆတ် နယူတန် | ဆုပြည့်စုံထွန်း | ဆုပြည့်စုံထွန်းစာပေ | ၁၂၀၀ |
| ၃၆ | သောမတ်စ် အယ်လ်ဘာ အက်ဒီဆင် | ဆုပြည့်စုံထွန်း | ဆုပြည့်စုံထွန်းစာပေ | ၁၂၀၀ |
| ၃၇ | အလက်ဇန်းဒါး ဂရေဟမ်ဘဲလ် | ဆုပြည့်စုံထွန်း | ဆုပြည့်စုံထွန်းစာပေ | ၁၂၀၀ |
| ၃၈ | အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ် | ဦးမောင်မောင်ဝင်း (တရားလွှတ်တော်ရှေ့နေ) | မဏ္ဍိုင်စာပေ | ၃၀၀၀ |
| ၃၉ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေများ | ခင်ဝင်းမြင့်(သုတေသီ) | ရှုတိုင်းယဉ်စာပေ | ၁၅၀၀ |






## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


# မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၈ - ၂၀၂၀

### ရွှေ

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၅၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၉၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၀ | ကျပ် | ၅၈၀/၆၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၀/၆၀၅ | ကျပ် | ၅၉၀/၆၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၀/၅၄၀ | ကျပ် | ၅၆၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၅၅ | ကျပ် | ၆၈၅/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၀ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၅ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၃ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၇၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၇၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၅၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၁၃၆၁ | ၁၃၆၁၅၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၅၈၇၈ | ၂၂၀၄၂၅၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၉ | ၁၉၈၀၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၂၁၈၄ | ၅၉၀၂၀၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁၈၅၆ | ၅၅၂၈၃၅၀ |

ခင်ရတနာ - စုစည်းသည်



# မြန်မာစာနှင့် ပါဠိ(၁)

## မောင်ခင်မင် (ဓနုဖြူ)

"ဆရာ၊ ကျွန်တော်ပါ"

"ဟယ် မင်းဘယ်ကပေါ်လာတာလဲ။ မတွေ့ရတာကြာပြီ"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်က နယ်မှာ အိမ်ထောင်ကျပြီး အခြေချလိုက်တော့၊ ရန်ကုန်လဲ သိပ်မရောက်ဖြစ်ဘူး ဆရာ"

"အေး- မင်းပုံနှိပ်လုပ်ငန်းလုပ်ရင်း စာတွေလဲ ရေးနေတယ်လို့တော့ သတင်းကြားပါတယ်"

